# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 17 October 2023 ၁၁၂၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



**ယနေ့ ဖတ်စရာ**

**စေတနာကောင်းသော တိုင်းပြည်** ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များ တွေ့ဆုံ** စာမျက်နှာ » ၉

**တက္ကသိုလ်များ နိုဝင်ဘာ ၁၆ ရက်တွင် ကျောင်းအပ်လက်ခံ၍ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်** စာမျက်နှာ » ၁၀


**သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတည်ဆောက်

လူ့သမိုင်းတွင် သဘောကွဲလွဲမှု၊ အနိုင်အထက်ပြုမှုများကြောင့် ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ လူတို့အနေဖြင့် ခံယူချက်၊ ယုံကြည်ချက်အမျိုးမျိုးရှိမည် ဖြစ်သော်လည်း သူစိမ်းတစ်ရံဆံတို့က မိမိတို့အသိုက်အမြုံကို အနိုင်အထက်ပြုလျှင် စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်ကြရသည်။ ဘုံအကျိုးစီးပွားနှင့်စပ်ယှဉ်လျှင် တူညီသောသဘောထားများ ထားရှိကြသည်။ အဆိုပါသဘောထားခံယူချက်သည် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားအားလုံး ထားရှိရမည့်သဘောထားဖြစ်ပြီး အဆိုပါ သဘောထားခံယူချက်ဖြင့် မိမိနိုင်ငံကိုမိမိတို့ တိုးတက်ကောင်းမွန်လာအောင် တည်ဆောက်ကြသည်ကို တွေ့ရမည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်၌ ဖြစ်ပေါ်ခဲ့သည့်အခြေအနေအရပ်ရပ် တို့သည် ညီညွတ်မှု၊ မညီညွတ်မှုတို့အပေါ်တွင် အကြောင်းခံသည်ကို တွေ့ရမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ ဖြစ်ပေါ်လျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများ အကြောင်းအမျိုးမျိုးဖြင့် ရှိမည်ဖြစ်သော်လည်း ညီညွတ်မှုကို မတည် ဆောက်နိုင်သောကြောင့် သက်ဆိုးရှည်ကြာနေသည်။ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၈)နှစ်မြောက် နှစ်ပတ် လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ ပြန်လည် ဆန်းစစ်ကြည့်နိုင်ရန် အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

လူ့အသိုက်အဝန်းများအနေဖြင့် စိတ်ဝမ်းမကွဲပြားအောင် တည်ဆောက်ထား ကြရပြီး စိတ်ဝမ်းကွဲပြားခဲ့လျှင်လည်း ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန် ခက်ခဲလှသည်ကို မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများက မီးမောင်းထိုး သက်သေပြလျက်ရှိသည်။ သင်ခန်းစာယူရမည့် မြန်မာ့သမိုင်းကို မြန်မာတို့ လေ့လာ ဆည်းပူးရန် အားနည်းခဲ့သည်။ သမိုင်းကြောင်းကိုသိမှသာ ပစ္စုပ္ပန်ကာလ အားနည်း ချက်များကိုသိမြင်ပြီး အနာဂတ်တွင် အကျိုးဖြစ်ထွန်းအောင် ဆောင်ကြဉ်းပေးနိုင် မည်ဖြစ်သည်။ မြန်မာ့သမိုင်းအဖြစ်အပျက်များကို သင်ခန်းစာယူ၍ ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် နယ်ချဲ့တို့သည် ကျူးကျော်စစ်သုံးကြိမ်ပြုကာ တစ်နိုင်ငံလုံး ကျွန်ပြုခဲ့သည်။ ကိုလိုနီခေတ်က သွေးခွဲအုပ်ချုပ်နည်းဖြင့် ကျွန်သက်ရှည်အောင် ပြုလုပ်ခဲ့သည်။ ရှမ်းပြည်နယ်ဥပဒေ၊ ရှမ်းပြည်နယ်ကိုပင် တောင်ပိုင်း၊ မြောက်ပိုင်း ခွဲခြားထားသောဥပဒေ၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းဥပဒေ၊ ပဒေသရာဇ် စော်ဘွားများဥပဒေ၊ ကျေးရွာဥပဒေ၊ တောင်တန်းပြည်မ ခွဲခြားအုပ်ချုပ်သောဥပဒေ စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ခွဲခြားအုပ်ချုပ်ခဲ့သဖြင့် တိုင်းရင်းသားအချင်းချင်း သူစိမ်းပြင်ပြင်ဖြစ်ရုံသာမက ယုံကြည်မှုများ ပျက်ပြားခဲ့ရသည်။ မျက်မှောက်ကာလ တွင်လည်း သွေးခွဲခဲ့သောဆိုးမွေများကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး ပဋိပက္ခအမျိုးမျိုးဖြင့် အောက်ကျနောက်ကျဖြစ်နေရသည်ကို တွေ့ရမည်ဖြစ်သည်။

လွတ်လပ်ရေးရရှိသောအခါ ဂိုဏ်းဂဏဝါဒစွဲကြီးသည့် ကွန်မြူနစ်ပါတီနှင့် နယ်ချဲ့သွေးခွဲပေးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့က ပြည်တွင်းစစ်မီး တောက်လောင်အောင်ပြုလုပ်ခဲ့ရာ တပ်မတော်နှင့်ပြည်သူ လက်တွဲချေမှုန်းခဲ့သော ကြောင့် နယ်စွန်နယ်ဖျားဒေသများသို့ တိမ်းရှောင်ခဲ့ကြပြီး ၎င်းတို့က အစိုးရ ဆန့်ကျင်ရေး၊ လူမျိုးစုလွတ်မြောက်ရေး သွေးထိုးမှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တစ်စတစ်စပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးကို နိုင်ငံရေး နည်းဖြင့် မဖြေရှင်းဘဲ စစ်ရေးနည်းဖြင့် ဖြေရှင်းခဲ့ကြပြီး မျက်မှောက်ကာလတိုင်အောင် အဆိုပါအခြေအနေများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံး နေသော်လည်း အာဏာရရှိရေး၊ ကိုယ်ကျိုးစီးပွားအရေးအတွက် လက်နက်ကိုင် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။ ပြည်ပနယ်ချဲ့နိုင်ငံအချို့ကလည်း မျက်ဖြူဆိုက်လေ ဆရာကြိုက်လေကဲ့သို့ ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင် လမ်းစဉ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သွေးထိုးအားပေးထောက်ပံ့ပေး နေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးသဘောကွဲလွဲမှု၊ အယူအဆကွဲလွဲမှု၊ လူမျိုးရေးကွဲလွဲမှုတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသည့်လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက အမျိုးမျိုးအဖုံဖုံကြိုးပမ်းခဲ့ကြသော်လည်း ဘုံအကျိုးစီးပွားကိုရှေးရှုပြီး စည်းလုံးညီညွတ်မှု၊ ယုံကြည်မှုတို့ကို မတည်ဆောက် နိုင်သည့်အပြင် အနောက်နိုင်ငံများ၏ တိုက်ရိုက်စွက်ဖက်မှု၊ သွယ်ဝိုက်စွက်ဖက်မှု၊ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုများကြောင့် ပြည်တွင်း၌ စိတ်ဝမ်းကွဲပြားပြီး ပဋိပက္ခအမျိုးမျိုး ပေါ်ပေါက်နေဆဲဖြစ်သည်။ ဒီမိုကရေစီစနစ်ကို အားလုံးကလိုလား ကြသည့်နည်းတူ ဒီမိုကရေစီစနစ်၏အနှစ်သာရဖြစ်သည့် သဘောထားမတူကွဲပြား သော်လည်း ပြည်ထောင်စုအကျိုးကို စုပေါင်းဆောင်ရွက်သည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၅ နှစ်ကျော်လွန်လာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေရခြင်းအကြောင်းကို ဆန်းစစ်ကြည့်လျှင် အတ္တ၊ မာန၊ အယူအဆစွဲများမှဖြစ်ပေါ်လာသည့် ညီညွတ်မှုပျက်ပြားခြင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ရာ တိုင်းရင်းသားပြည်သူအချင်းချင်း မတူ ကွဲပြားသော်လည်း မိမိတို့ထာဝစဉ်မှီတင်းနေထိုင်ခဲ့သည့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောအောင် စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာ များ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဝမ်းတွင်းမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ



**ဝမ်းတွင်း အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၆၀) စက်မှုလယ်ယာစခန်းတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် အမှတ်(၆၀) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်ဝင်းက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချပေးမည့်ဘာသာရပ် ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်ကိရိယာများကို လှည့်လည်ကြည့်ရှု ခဲ့ပြီး သင်တန်းသားများအား စက်ကိရိယာ မောင်းနှင် သင်ကြားပေးနေမှုများကို အားပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၆ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၂၆၁ | ၂,၂၉၇,၉၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၅၅ | ၁၆၄,၉၅၀ |
| MCB | ၈,၆၀၀ | ၇,၉၀၀ | ၈၁ | ၆၉၅,၉၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃၂၁ | ၅၄၅,၇၀၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၁၆၂ | ၄၂၁,၄၅၀ |
| EFR | ၂,၁၅၀ | ၂,၁၅၀ | ၅၈၅ | ၁,၂၄၀,၂၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆၀ | ၂၉၄,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၃၈၀ | ၆၇၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အတူ ကော့ကရိတ်ခရိုင် ဥက္ကဋ္ဌ ပဒိုရွှေမောင်းတို့ တက်ရောက်ကြသည်။

**❖ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်လျက်ရှိမှု၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ ကရင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးကိုလိုလားသော ကရင်တိုင်းရင်းသားများ၏ခေါင်းဆောင်အဖြစ်ဦးစီးဆောင်ရွက်ပေးစေလိုမှု၊ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❖ ရှေ့ဖုံးမှ**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် ဒေသတွင်းနှင့်နိုင်ငံတည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်ရာ၌ တွေ့ဆုံဆွေးနွေးမှုများဖြင့် ဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းလျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်တွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှုနှင့် လာမည့်နှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူပြီး ရွေးကောက်ပွဲပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့တက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များအား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့တက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံ

- ❖ **တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးနှင့် ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းမှုကို ထိခိုက်မှုမရှိပါက တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်သွားမည်**
- ❖ **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရ**
- ❖ **နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလျက်ရှိ**

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များဖြစ်ကြသည့် KNU/KNLA(PC)ဥက္ကဋ္ဌ စောထော့လေး၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ KKO အဖွဲ့မှကွပ်ကဲရေးမှူး စောဘငြိမ်း၊ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်သူရိန်၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် နာယက ခွန်ဥက္ကာ၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင် နိုင်ဗညားလယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လာရောက်ခဲ့ကြခြင်းဖြစ်သဖြင့် ဝမ်းမြောက်ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ကြိုဆိုပါကြောင်းပြောကြားပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးခဲ့မှု အခြေအနေများ၊ တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးနှင့် ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းမှုကို ထိခိုက်မှုမရှိပါက တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ဆက်လက် လျှောက်လှမ်းလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အမျိုးသားရေးမျှော်မှန်းချက် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေး၊ နိုင်ငံရေးမျှော်မှန်းချက် ၂ ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တိုင်းပြည်ကောင်းစေရန်အတွက် သက်ဆိုင်သူအားလုံးက တူညီသည့်ဆန္ဒများဖြင့် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသအလိုက်တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိမှု၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့်ပတ်သက်၍ အချို့အဖွဲ့အစည်းများက ပျက်ပြယ်ပြီဟု ထုတ်ပြန်မှုများရှိသော်လည်း NCA စာချုပ်မှာ ပျက်ပြယ်မှုမရှိဘဲ တည်တံ့ခိုင်မြဲနေဆဲ ဖြစ်သည့် အခြေအနေများနှင့် NCA လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက် လျှောက်လှမ်းလျက်ရှိသည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ရှေ့ဆက် ဆောင်ရွက်သင့်သည့် အကြံပြုချက်များ၊ NCA တွင် ပါဝင်မှုမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင် ပါဝင်လာနိုင်ရေးဆောင်ရွက်သင့်သည့် အခြေအနေများနှင့် ပတ်သက်၍ဆွေးနွေးတင်ပြကြပြီး ပြည်တွင်းငြိမ်းချမ်းမှု ရရှိရေးနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများရှိစေရေးအတွက် ဆောင်ရွက်သင့်သည့်အခြေအနေများ၊ ဒေသအလိုက် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေ့သို့ချီမည်ပန်းတိုင်ဆီ (Keep Moving Forward To Achieve Our Goal)ဆိုသည့် ဆောင်ပုဒ်အတိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခု တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကလည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ ဖိတ်ကြားမှုအရ အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် တတိယအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများသည် ဖိုရမ်၏ ခေါင်းစဉ်အလိုက် ပါဝင်တက်ရောက်ဆွေးနွေးနိုင်ရန် လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်များမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအလုပ်ရုံဆွေးနွေးပွဲတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနများရှိ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်ထိ အရာထမ်း ၉၇ ဦးကို လေးရက်ကြာ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ (၂)နှစ်ခွဲကာလအတွင်း တိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း၊ ဆွေးနွေးပွဲမှ ရလဒ် Result ကောင်းများရရှိနိုင်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဦးစီးမှူး၊ ဦးစီးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း။

ဆွေးနွေးပွဲက ရရှိလာသည့်ရလဒ်ကောင်းများကို မိမိတို့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချပြီး အကျိုးရှိရှိဆောင်ရွက်ကြရန်၊ သမဝါယမစနစ် ပီပြင်စွာဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးရန်၊ သမဝါယမစနစ်၏ ကောင်းကျိုးများကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမဦးစီးဌာနမှူးများက တင်ပြရန်ရှိသည်များကို တစ်ဦးချင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆွေးနွေးပွဲတွင် သင်တန်းသား သင်တန်းသူများအား ခေါင်းဆောင်မှုဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ၊ အဂတိတားဆီးကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး OVOP လုပ်ငန်းအတွက် Pilot Project ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဘတ်ဂျက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များတွင် ခွဲဝေပေးထားသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သမဝါယမ(မြစိမ်းရောင်) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၉)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၃) သင်တန်းများ ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၆**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၉)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၃)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့်တကွ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





**တိုက်တွန်းမှာကြား**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အရာရှိကြီးများအနေဖြင့် သင်တန်းက သတ်မှတ်ထားသော စည်းကမ်းများကို အသိရှိရှိဖြင့် လိုက်နာရန် လိုအပ်ပါကြောင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေး တိုးတက်လာအောင် မိမိကိုယ်ကို လေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအတွင်း မိမိကျရာကဏ္ဍကနေ တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရုံမက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

**ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်မည်**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၉)သို့ သင်တန်းသား ၁၁ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၂၃) သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၃၅ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ အောက်တိုဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စေတနာကောင်းသော တိုင်းပြည်


အောင်နိုင်ဦး(မန္တလေး)

## အကူအညီပေးရန် ဆန်ရောင်းချခြင်း

၂၀၀၄ ခုနှစ် မေလဆန်းနေ့တစ်နေ့ ဖြစ်ပါသည်။ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး (ကုန်သွယ်/ လယ်ယာ) ပြည်ပပို့ကုန်ဌာနတွင် ဒုတိယအထွေထွေမန်နေဂျာ တာဝန် ထမ်းဆောင်နေသော ကျွန်တော့်အား ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သူ ဦးမင်းလှအောင်က အရေးကြီးကိစ္စရှိ၍ သူနှင့်အတူ ဝန်ကြီးရုံးသို့လိုက်ပါရန် ညွှန်ကြားပါသည်။ ဝန်ကြီးရုံးသို့ ရောက်ရှိချိန်တွင် ဦးဆောင်ညွှန်ကြား ရေးမှူးက ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ ထံသို့ ဝင်ရောက်သတင်းပို့ပြီး ကျွန်တော် က ဝန်ကြီးရုံးခန်းပြင်ပမှ စောင့်နေခဲ့ ပါသည်။ ခဏအကြာတွင် ဦးဆောင် ညွှန်ကြားရေးမှူး ပြန်လည်ထွက်ခွာ လာပြီး ကျွန်တော်နှင့်အတူ ရုံးသို့ ပြန်လာကြပါသည်။ အပြန်လမ်း ကားပေါ်တွင် ဦးဆောင်ညွှန်ကြားရေးမှူး က ကျွန်တော့်အား ဂမ်ဘီယာဆိုတဲ့ နိုင်ငံ ကို သိသလားဟု မေးပါသည်။ ကျွန်တော် က ဂမ်ဘီယာဆိုသည့်နိုင်ငံကို မကြားဖူး ပါ။ သို့ဖြစ်၍ အာဖရိကနိုင်ငံ တစ်ခုခု ဖြစ်မည်ထင်သည်ဟုသာ ဖြေကြား လိုက်ပါသည်။

ကျွန်တော့်အဖြေကို နားထောင် အပြီးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက “ဂမ်ဘီယာနိုင်ငံက လူကြီးတစ်ယောက် ဒို့နိုင်ငံရောက်နေတယ်။ ဒို့လူကြီးတွေနဲ့ တွေ့ဆုံပြီး သူတို့နိုင်ငံမှာ စားနပ်ရိက္ခာ ပြတ်လပ်နေလို့ အကူအညီတောင်းလို့ ဒို့ကဆန်ရောင်းပေးရမယ်။ သဘော်ာ အမြန်တင်နိုင်အောင် မင်းက အထွေထွေ မန်နေဂျာနဲ့ အခြားသက်ဆိုင်တဲ့ အထွေထွေမန်နေဂျာတွေ ပူးပေါင်းပြီး ဆောင်ရွက်ပေးရလိမ့်မယ်။ ဒုက္ခရောက် နေတဲ့နိုင်ငံဖြစ်လို့ မင်းတို့က ဆန်ဈေးကို တတ်နိုင်သမျှ လျှော့ရောင်းပေးဖို့ စီစဉ်ပေးပါ” ဟု ညွှန်ကြားပါသည်။ ရုံးပြန်ရောက်ပြီးချိန်တွင် ဦးဆောင် ညွှန်ကြားရေးမှူးက အထွေထွေ မန်နေဂျာများကိုခေါ်ယူ၍ ဂမ်ဘီယာသို့ ဆန်တင်ပို့ရေးကိစ္စ အသေးစိတ်မှာကြား ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး မှာကြား သည်များထဲမှ ကျွန်တော်မှတ်မိသည်မှာ “ဂမ်ဘီယာနိုင်ငံတွင် စားနပ်ရိက္ခာ ပြဿနာပေါ်နေ၍ မိမိတို့က တတ်နိုင် သမျှ ကူညီပေးရမည်၊ ဈေးနှုန်းကိုလည်း အခြားနိုင်ငံများကို ရောင်းသည့်ဈေးနှုန်း


UNION OF MYANMAR
MINISTRY OF COMMERCE
MYANMA AGRICULTURAL PRODUCE TRADING


Contract No. R-001/2004-2005 Dated 6.5.2004

This contract is made between Myanma Agricultural Produce Trading No.302/304 Pansodan Street, Yangon, Myanmar (hereinafter referred, to as the SELLERS) who have agreed to sell and The Government of Gambia C/O Department of State for Trade Industry & Employment Independence Drive Banjul, The Gambia (hereinafter referred to as the BUYERS) who have agreed to buy the following goods on the terms and conditions set out hereunder:-

1. Commodity — Myanmar White Rice
2. Quality — Emata Myanmar 25% Broken (2003 Crop) FAQ of the season which shall conform to the specification laid down in the schedule attached hereto as Annexure .
3. Quantity — 30000 MT ( Thirty Thousand Metric Tons only) 5% more or less at Sellers' option.
4. Price — Euro Eur 161.67 (Euro Eur One Hundred Sixty One Point Six Seven only) PMT, FOB, Yangon.
5. Packing — Goods to be packed in new single P.P woven bags each weighing about 50 kgs nett and tare weight of about 120 (+/-) 2 grams.
6. Duties — All Export duties and taxes in respect of cargo to be loaded in the Union of Myanmar shall be for the SELLERS' account. Any taxes, dues/charges on freight/vessel shall be for BUYERS' account.
7. Port of Loading — Yangon, Myanmar (Government owned wharves).
8. Destination — BANJUL (GAMBIA)
9. Fumigation — The Rice delivered by the SELLERS shall be fumigated either prior to loading or on board the carrying vessel after completion of loading at the BUYERS' option and at SELLERS' expense and shall be free from live insects' injurious to rice at the time of shipment. However, if fumigation is to be carried out on board the vessel after completion of loading, any incidental expenses in temporary evacuation of the crew ashore including hotel and other expenses shall be borne by the BUYERS. The time taken for fumigation on board the vessel shall not be counted as laytime.
10. Security Deposit — (a) The BUYERS shall remit Five percent of the Contract value(i.e Euro Eur 242505) by **telegraphic transfer** through Myanma Foreign Trade Bank, Yangon as security deposit in advance latest by 10 days after signing of the contract.
(b) The BUYERS shall have the right to utilize the amount of security deposit which shall be paid in advance to the SELLERS under above clause (a) in settlement of the payment for the final consignment.
(c) Should the BUYERS fail to fulfill any of the terms of this contract, the SELLERS shall have the right to forfeit the Security Deposit, cancel the contract and claim from the BUYERS the losses, if any, sustained by the SELLERS on result of any unshipped balance.

certified
Deputy General Manager
Myanma Agricultural Produce Trading
Yangon, Myanmar.

Ministry of Commerce / Myanma Agricultural Produce Trading
Ref. No.......
Date.......


6

22. Modification and/or Amendments — This contract may be modified or amended or anything not specified in the provisions of at this contract may be settled at any time by mutual agreement of all the parties in writing.
23. Coming into Force — This contract shall come into force when signed by all the parties duly authenticated by witnesses.

IN WITNESS WHEREOF the parties hereto have hereunto set their respective hands the day, month, year just above written.

For and on behalf of the BUYERS
The Government of Gambia
(Mr. Tamsir M. Manga)
Permanent Secretary
Department of State for Trade, Industry & Employment Independence Drive,
Banjul. The Gambia

For and on behalf of the SELLERS
for Myanma Agricultural Produce Trading
(Min Hla Aung)
Managing Director

Witness by

Mr. Momodou Lamin Kujabi (1) (Tin Shwe) General Manager

Mr. Yusupha Jawara (2) (Kyaw Zaw Maung) Deputy General Manager

Ministry of Commerce / Myanma Agricultural Produce Trading
Ref. No.......
Date.......

ထက် လျှော့ချပေးရမည်၊ ဆန်အရည် အသွေးကိုလည်း ညှော်မထ ၂၅ ရာခိုင်နှုန်း ဆန်ထဲမှ ကောင်းသည့်ဆန်ကို ရွေး၍ တင်ပို့ပေးရမည်၊ လူသားချင်း စာနာစိတ် ဖြင့် စေတနာထား၍ ဆောင်ရွက်ပေးရ မည်” စသည့်အချက်များဖြစ်ပါသည်။ ထိုအချိန်အထိ ဂမ်ဘီယာနိုင်ငံဆိုသည်မှာ မည်သို့သောနိုင်ငံဖြစ်သည်ကို ကျွန်တော် မသိသေးပါ။ သို့ဖြစ်၍ ဂမ်ဘီယာနှင့် ပတ်သက်သည့် အချက်အလက်များကို ရနိုင်သည့် အရင်းအမြစ်များမှ ရှာဖွေ လေ့လာခဲ့ပါသည်။

## ၂၀၀၄ ခုနှစ်က ဂမ်ဘီယာ

ဂမ်ဘီယာနိုင်ငံသည် အာဖရိက တိုက် အနောက်ကမ်းရိုးတန်းပေါ်တွင် ရှိသည့် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်ပါ သည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ အစားအစာနှင့် ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် အခြေပြု ထားရပါသည်။ နိုင်ငံ၏ GDP တွင် စိုက်ပျိုးရေးကဏ္ဍက ၃၀ ရာခိုင်နှုန်းပါဝင် နေပြီး နိုင်ငံ့ပို့ကုန်၏ ၉၀ရာခိုင်နှုန်းမှာ လည်း စိုက်ပျိုးရေးထွက်ကုန်များပင် ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်က နိုင်ငံ့လူဦး ရေသည် ၁ ဒသမ ၄ သန်းရှိပြီး လူဦးရေ၏ သုံးပုံနှစ်ပုံမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြ၍ လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်း ကီလိုမီတာတွင် ၁၂၈ ဦးနှုန်းဖြစ်ပြီး အာဖရိကနိုင်ငံများအကြား လူဦးရေ သိပ်သည်းမှု အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေပါသည်။

ဂမ်ဘီယာမြစ်သည် နိုင်ငံ၏စိုက်ပျိုး ရေးကဏ္ဍအတွက် အရေးပါသော ရေအရင်းအမြစ်တစ်ခု ဖြစ်သော်လည်း ပင်လယ်ပြင်မှ ဆားငန်ရေများတိုးဝင် လာမှုကြောင့် ကမ်းခြေဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မသင့်လျော်သည့် အခြေအနေပေါ်ပေါက် နေခဲ့ပါသည်။ နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုကလည်း တက်ချီကျချီ ဖြစ်နေခဲ့ပြီး ယင်းကြောင့်ပင် ဂမ်ဘီယာ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်ရုံ သာမက ဝင်ငွေနည်း၍ စားနပ်ရိက္ခာ မလုံလောက်သည့် နိုင်ငံတစ်ခုဖြစ်ခဲ့ရပါ သည်။ ပြည်တွင်း စားနပ်ရိက္ခာထုတ်လုပ် မှုသည် ပြည်တွင်းစားသုံးမှု၏ ၅၀ ရာခိုင်နှုန်းသာရှိပြီး အဓိကအားဖြင့် ဆန် ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးခန့် ဝယ်ယူတင်သွင်းရလျက် ရှိရာ အဆိုပါအခြေအနေကြောင့် နိုင်ငံ၏ နိုင်ငံခြားအရန်ငွေကိုလည်း ထိခိုက် လျက်ရှိနေခဲ့ပါသည်။ ဂမ်ဘီယာနိုင်ငံ၏ စားနပ်ရိက္ခာ အဓိကအရင်းအမြစ်မှာ ပြည်တွင်းထုတ်လုပ်မှု၊ ပြည်ပမှ ဝယ်ယူ တင်သွင်းမှုနှင့် နိုင်ငံတကာစားနပ်ရိက္ခာ အထောက်အပံ့များပင်ဖြစ်ပါသည်။ နိုင်ငံ ၏လူဦးရေ ၄၇ ရာခိုင်နှုန်းမှာ ဆင်းရဲမှုကို လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းမှာ အလွန် အမင်းဆင်းရဲမှုကိုလည်းကောင်း ခံစား နေရပြီး စားနပ်ရိက္ခာမဖူလုံမှုက ကြီးစွာ သော စိန်ခေါ်မှုတစ်ရပ်ဖြစ်နေခဲ့ ပါသည်။

## ဂမ်ဘီယာနှင့် ဆန်ရောင်းစာချုပ်ချုပ်ဆိုခြင်း

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအနေဖြင့်လည်း ၂၀၀၃ ခုနှစ်က ပေါ်ပေါက်လာခဲ့သည့် “ဆန်စပါး မူဝါဒသစ်”အရ ယခင်နှစ်များကဲ့သို့ စပါး ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း မပြုတော့သဖြင့် ဌာန၏လက်ကျန်ဆန် များမှာ ဆန်ဟောင်းများသာဖြစ်နေပြီး အများစုမှာ ဆန်ဝါ ၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပါဝင်နေသည့်ဆန်များ သာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စံချိန် စံညွှန်းအရ ညှော်မထ ၂၅ ရာခိုင်နှုန်းဆန် တွင် ဆန်ဝါပါဝင်မှုကို နှစ်ရာခိုင်နှုန်းသာ ခွင့်ပြုသဖြင့် ဂမ်ဘီယာသို့ ဆန်ကောင်း တင်ပို့ရေးမှာ များစွာအခက်အခဲပေါ်ခဲ့ ပါသည်။ သို့ရာတွင် ထိုစဉ်က အထွေထွေ မန်နေဂျာများဖြစ်ကြသည့် ဦးတင်ရွှေ၊ ဦးမောင်မောင်ကြည်နှင့် ဦးမျိုးဦးတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ဂမ်ဘီယာနိုင်ငံက ဝယ်ယူတင်သွင်းလိုသည့် ဆန်တန်ချိန် သုံးသောင်းပြည့်မီအောင် ကုန်သွယ်/ လယ်ယာဌာနတစ်ခုလုံးက တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြ ပါသည်။ ဆန်ဈေးနှုန်းကိုလည်း ဦးဆောင် ညွှန်ကြားရေးမှူး၏ လမ်းညွှန်ချက် နှင့်အညီ တစ်တန်လျှင် ၁၆၁ ဒသမ ၆၇ ယူရိုဖြင့် ရောင်းချပေးရန် ဆုံးဖြတ် ခဲ့ကြပါသည်။ ထိုစဉ်က ညှော်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်ပေါက်ဈေးမှာ ယူရို ၁၈၀ ခန့်ရှိပါသည်။ ဆန်ရောင်းချ ရာတွင်လည်း အမေရိကန်နိုင်ငံက ပိတ်ဆို့ တားဆီးမှုများကြောင့် အမေရိကန်ဒေါ်လာဖြင့် ရောင်းချရန် အခက်အခဲများစွာ ရှိနေခဲ့သည့်ကာလ လည်းဖြစ်ပါသည်။

ဂမ်ဘီယာနိုင်ငံမှ ရောက်ရှိနေသည့် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းချက်အရ ဆန်တန်ချိန်သုံးသောင်းကို သဘော်ာ နှစ်စင်းဖြင့် သယ်ယူမည်ဖြစ်ပြီး သဘော်ာ ကို ဂမ်ဘီယာနိုင်ငံက ဆောလျင်စွာ စေလွှတ်ပေးလိုသဖြင့် ရောင်းချမည့် ဆန်များကို သဘော်ာတင်ရန် အဆင်သင့် ဖြစ်သည့်အနေအထားသို့ အမြန်ဆုံး ပြင်ဆင်ပေးရန် စီစဉ်ခဲ့ရပါသည်။ စာချုပ် အရ ရောင်းချပေးသည့် ဆန်တန်ဖိုးမှာ ယူရို ၄ ဒသမ ၈၅ သန်း (၄၈၅၀၁၀၀) ဖြစ်ပါသည်။ ငွေပေးချေမှုနှင့်ပတ်သက်၍ ထိုစဉ်က ကုန်သွယ်/ လယ်ယာ၏ လက်ကျန်ဆန်များကို ပြည်ပသို့ အမြန် တင်ပို့ရောင်းချနိုင်ရေး ဦးတည် ဆောင်ရွက်နေချိန်ဖြစ်ရာ ငွေပေးချေမှု စနစ် (Payment Term) ကို ဝယ်ယူသူက ကြေးနန်းဖြင့် လွှဲပို့သည့်စနစ် (Telegraphic Transfer – TT) ဖြင့် ကြိုတင်ပေးချေစေသည့်စနစ် (Advance Payment) ကို ကျင့်သုံးနေချိန်ဖြစ်သော် လည်း ဂမ်ဘီယာနှင့် ဆန်ရောင်းချရာတွင် ၎င်းတို့ အခက်အခဲမပေါ်ပေါက်စေရေး အတွက် TT Advance Payment စနစ် ကို ကျင့်သုံးခြင်းမပြုဘဲ ကုန်ပစ္စည်း သဘော်ာတင်ပြီးမှ ငွေပေးချေသည့် ငွေလွှဲစာတမ်းစနစ် (Letter of Credit – LC) ဖြင့် ရောင်းချပေးရန် ဆုံးဖြတ်ခဲ့ပါ သည်။

စာမျက်နှာ ၇ သို့ ✧

**“နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ကုန်သွယ် / လယ်ယာအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုကို ပုံမှန်အားဖြင့် စီးပွားရေးဆန်ဆန်သာ ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့တင်ပို့သည့် ကောက်ပဲသီးနှံကို ဈေးအများဆုံးရရှိအောင် ဈေးကွက်နည်းဗျူဟာမျိုးစုံ ကျင့်သုံး၍လည်း ဆောင်ရွက်လေ့ရှိပါသည်။ ဂမ်ဘီယာနိုင်ငံသို့ ဆန်တင်ပို့မှု ဆောင်ရွက်ခဲ့ရာတွင်မူ စီးပွားရေးဆန်ဆန်ဆောင်ရွက်ခြင်းထက် လူသားချင်း စာနာမှုကိုလည်းကောင်း၊ စားနပ်ရိက္ခာအခက်အခဲပေါ်နေသည့် နိုင်ငံငယ်တစ်ခုကို တတ်နိုင်သမျှကူညီ ဆောင်ရွက်ရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲများ၏စေတနာကို အရင်းခံ၍လည်းကောင်း နိုင်ငံတော် အစိုးရ၏ လမ်းညွှန်ချက်အပေါ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့က အားတက်သရောကြိုးပမ်းဆောင်ရွက်ခဲ့”**

# ငမိုးရိပ်ရေလှောင်တမံမှ ရေဖောက်ချမည်ဟု သတင်းဖြစ်ပေါ်ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

ငမိုးရိပ်ရေလှောင်တမံသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် တည်ရှိပြီး တမံအမြင့် ၇၅ ပေ၊ အလျား ပေ ၁၅၅၀၀၊ ရေလှောင်ပမာဏ ပေ ၁၈၀၀၀၀ ဧက၊ လယ်မြေဧရိယာ ၃၀၅၆၇ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် ရန်ကုန်မြို့တော် သောက်သုံးရေအတွက်လည်း နေ့စဉ် ရေဂါလန် သန်း ၁၃၀ ပေးဝေလျက်ရှိပါသည်။ ရေလှောင်တမံတွင် ရေထုတ်နုတ်နိုင်သည့် ရေအားအဆောက်အအုံအဖြစ် ရေထုတ်ပြွန်တစ်ခု၊ ရေပိုလွှဲ တစ်ခုနှင့် အကူရေပိုလွှဲ တစ်ခုသာပါရှိပါသည်။ အခြားရေဖောက်ချ၍ရသည့်နေရာမရှိပါ။

ငမိုးရိပ်ရေလှောင်တမံသည် ၅-၉-၂၀၂၃ နေ့ ၁၂:၀၀ နာရီမှစ၍ ကန်ရေပြည့် သိုလှောင်နိုင်သည့် ပမာဏထက် ရေဝင်ရောက်မှုဖြစ်ပေါ်လာသဖြင့် ရေပိုလွှဲမှ စတင်ရေကျော်ကာ မူလချောင်းအတွင်းသို့ ပြန်လည်စီးဆင်းခဲ့ပါသည်။ ထိုသို့ ပုံမှန်ရေကျော်စီးဆင်းနေခဲ့ရာမှ ၆-၁၀-၂၀၂၃ မှ ၁၁-၁၀-၂၀၂၃ နေ့အထိ ရေလှောင်တမံ၏ ရေဆင်းဧရိယာနှင့် ရေလှောင်တမံ၏ အောက်ဘက် ဧရိယာများတွင် မိုးများ ရက်ဆက် ရွာသွန်းခဲ့ရာ စုစုပေါင်းမိုးရေချိန် ၁၄ ဒသမ ၉၀ လက်မအထိ ထူးကဲစွာ ရွာသွန်းခဲ့ပါသည်။

ထို့ကြောင့် ငမိုးရိပ်ရေလှောင်တမံ၏ ရေပိုလွှဲတွင် ပုံမှန်ရေကျော်စီးဆင်းလျက်ရှိရာမှ ၈-၁၀-၂၀၂၃ နေ့ ၂၃:၀၀ နာရီတွင် ၆ ဒသမ ၁ ပေအထိ အမြင့်ဆုံးရောက်ကာ ရေကျော်စီးဆင်းခဲ့ပါသည်။ ရေကျော်စီးဆင်းသည့် ရေများသည် မူလ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဆင်းခြင်း၊ ရေလှောင်တမံ၏ အောက်ဒေသများတွင် မိုးများရက်ဆက် ရွာသွန်းခဲ့သဖြင့် ကွင်းရေများ၊ ချောင်းရေများ စုပေါင်းစီးဝင်လာသောကြောင့် ငမိုးရိပ်ချောင်းရေမြင့်တက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံတွင် ၇-၇-၂၀၀၇ နေ့တွင် ရေပိုလွှဲမှ ၆ ဒသမ ၁၅ ပေ ကျော်လွှန် စီးဆင်းခဲ့ဖူးပါသည်။ လက်ရှိ ၁၃-၁၀-၂၀၂၃ နေ့ နံနက် ၀၆:၀၀ နာရီ ရေပိုလွှဲမှ ၄ ဒသမ ၇၅ ပေသာ ကျော်လွှန်စီးဆင်းလျက်ရှိပြီး ရေအမှတ်များ ဆက်တိုက်လျော့ကျလာလျက်ရှိပါသည်။ လက်ရှိ ရေအမြင့်အရရေလှောင်တမံပေါ်သို့ ရေကျော်နိုင်သည့်အခြေအနေလုံးဝမရှိပါကြောင်း၊ ရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေမှာ လုံခြုံစိတ်ချရသည့် အခြေအနေဖြစ်ပါသည်။

အများပြည်သူ စိတ်ပူပန်နေရသည့် အနေအထားမရှိပါကြောင်းနှင့် ရေလှောင်တမံတွင် ရေဖောက်ချရမည့် နေရာ၊ အဆောက်အအုံ မပါရှိခြင်း၊ ဖောက်ချသည့် ဖြစ်စဉ်မျိုးလည်း မရှိခြင်း၊ ဆောင်ရွက်ရန်လည်း မရှိခြင်းတို့ကြောင့် ငမိုးရိပ်ရေလှောင်တမံကြောင့် ချောင်းရေ ထပ်မံမြင့်တက်လာရန်လည်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

ငမိုးရိပ်ရေလှောင်တမံတွင် ကြိုတင်ရေးဆွဲထားသည့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်(EPP– Emergency Prepareness Plan) ပါအတိုင်း ရေပိုလွှဲမှ ရေစတင်စီးဆင်းသည့်အချိန်မှစ၍ တမံအောက်ဘက်ရှိကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများသို့ စိုးရိမ်မှုမရှိစေရေး အသိပေး အကြောင်းကြားထားရှိပြီး ဖြစ်ပါသည်။ တမံအောက်ဘက်ရှိ ဒေသခံများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် EPP ပါ စီမံချက်အတိုင်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

✧ **စာမျက်နှာ ၆ မှ**

ဂမ်ဘီယာကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းမှုများ အပြီးသတ်ဆောင်ရွက်ပြီးနောက် ဆန်ရောင်းစာချုပ်ကို ၂၀၀၄ ခုနှစ် မေလ ၆ ရက်နေ့တွင် ဂမ်ဘီယာနိုင်ငံအစိုးရ ကုန်သွယ်ရေး၊ စက်မှုနှင့် အလုပ်အကိုင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Tamsir M. Manga နှင့် ကုန်သွယ်/လယ်ယာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အသိသက်သေအဖြစ် ဂမ်ဘီယာဘက်မှ Mr. Momodou Lamin Kujabi နှင့် Mr. Yusupha Jawara တို့ကလည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ အထွေထွေမန်နေဂျာ ဦးတင်ရွှေနှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဇောမောင်တို့က လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လက်မှတ်ရေးထိုးမှုများ ဆောင်ရွက်ပြီးချိန်မှစ၍ ကုန်သွယ်/လယ်ယာအနေဖြင့် ဂမ်ဘီယာသို့ ဆန်တင်ပို့ရေးကိစ္စများကို အင်တိုက်အားတိုက် စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြပါသည်။

**ဂမ်ဘီယာသို့ ဆန်တင်ပို့ခြင်း**

စာချုပ်များ ချုပ်ဆိုပြီးစီးပြီးနောက် ရက်အနည်းငယ်အကြာတွင် ဂမ်ဘီယာနိုင်ငံက စေလွှတ်လိုက်သော သင်္ဘောရောက်ရှိလာသဖြင့် တန် ၁၅၀၀၀ သင်္ဘောတင်ပေးခဲ့ပါသည်။ သို့ရာတွင် ဂမ်ဘီယာနိုင်ငံအနေဖြင့် ကျန်ရှိသည့် တန် ၁၅၀၀၀ ကို အခြားအခက်အခဲများကြောင့် သင်္ဘောတင်နိုင်စွမ်း မရှိတော့သဖြင့် စာချုပ်ပယ်ဖျက်ပေးခဲ့ရပါသည်။ စာချုပ် ပယ်ဖျက်ပေးရသည့်တိုင် ကုန်သွယ်/လယ်ယာအနေဖြင့် ဂမ်ဘီယာနိုင်ငံသားများအတွက် စာနာစိတ်ဖြင့် သင်္ဘောထပ်မံတင်နိုင်သည့် အခြေအနေရောက်ရှိလာလျှင် ပြန်လည်တင်ပို့နိုင်ရေး မိမိတို့၏ လုပ်ငန်းစဉ်များကို ရပ်တန့်ခြင်းမပြုခဲ့ပါ။

**ဂမ်ဘီယာနိုင်ငံအတွက် စာနာမှု**

ဂမ်ဘီယာနိုင်ငံသို့ ဆန်ရောင်းစာချုပ်ချုပ်ဆို၍ ဆန်တင်ပို့ခဲ့ရာတွင် နိုင်ငံတော်အစိုးရ အကြီးအကဲများ၏ လမ်းညွှန်မှုအရ စားနပ်ရိက္ခာအခက်အခဲပေါ်နေသည့် နိုင်ငံအပေါ် လူသားချင်းစာနာသည့်အသိစိတ်ဓာတ်ဖြင့်ဖြေလျှော့မှုများစွာ ဆောင်ရွက်ပေးခဲ့ပါသည်။ ကုန်သွယ်/ လယ်ယာ၏ လက်ဝယ်ရှိ နှစ်ဟောင်းလက်ကျန်ဆန်များအနက်မှ စံချိန်စံညွှန်းမီသည့် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်ကို ၎င်းတို့ ဝယ်ယူလိုသည့် တန်သုံးသောင်း ရရှိစေရေးအတွက် နိုင်ငံအနှံ့အပြားတွင်ရှိနေသည့် ဆန်လက်ကျန်များထဲမှ အကောင်းဆုံးဆန်များ ရွေးချယ်စုဆောင်းခြင်း၊ စုဆောင်းရရှိသည့် ဆန်များကို အရည်အသွေးပိုမို ကောင်းမွန်လာစေရေးအတွက် ပြန်လည်ကြိတ်ဖွပ်မှု ဆောင်ရွက်ခြင်း၊ ဆန်ဈေးနှုန်းကိုလည်း အခြားနိုင်ငံများ ရောင်းဈေးထက် လျှော့ချဆောင်ရွက်ပေးခဲ့ခြင်း၊ TT Advance Payment ဖြင့် ငွေပေးချေမှုအစား LC စနစ်ဖြင့် ပေးချေနိုင်ရေးစီစဉ်ပေးခဲ့ခြင်း စသည်တို့မှာ သိသာထင်ရှားသည့် လူသားချင်းစာနာသော စေတနာများပင်ဖြစ်ပါသည်။

စာချုပ်အရ သင်္ဘောတင်ကာလကို ၂၀၀၄ ခုနှစ် မေလမှ ဇူလိုင်လအတွင်း သတ်မှတ်ထားခဲ့ပြီး သတ်မှတ်ကာလအတွင်း သင်္ဘောမတင်နိုင်ပါက ဂမ်ဘီယာနိုင်ငံအနေဖြင့် သက်တမ်းတိုးတစ်လခွင့်ပြုပေးရန်လည်း ထည့်သွင်းချုပ်ဆိုပေးခဲ့ပါသည်။ ထို့အပြင် ထိုစဉ်က ကုန်သွယ်/ လယ်ယာက ကျင့်သုံးသည့် ဆန်ရောင်းစာချုပ် သတ်မှတ်ချက်များထဲတွင် "သတ်မှတ်သည့် ကာလအတွင်း သင်္ဘောတင်နိုင်ခြင်းမရှိပါက သင်္ဘောတင်ရန်ကျန်ရှိသည့် ပမာဏအပေါ် ဆန်တစ်တန် ရက်သတ္တတစ်ပတ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာနှုန်းဖြင့် သိုလှောင်ထိန်းသိမ်းခပေးဆောင်ရမည်" ဟု ထည့်သွင်းချုပ်ဆိုထားခဲ့သော်လည်း ဂမ်ဘီယာနိုင်ငံက သင်္ဘောမတင်နိုင်တော့သည့် တန်ချိန် ၁၅၀၀၀ အတွက် လမ်းညွှန်ချက်အရ ကုန်သွယ်/လယ်ယာအနေဖြင့် ဂမ်ဘီယာနိုင်ငံသို့ သိုလှောင်ထိန်းသိမ်းခ တောင်းခံမှုကိုလည်း ဖြေလျှော့ပေးခဲ့ပါသည်။

**စေတနာကောင်းသောတိုင်းပြည်**

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ကုန်သွယ်/လယ်ယာအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုကို ပုံမှန်အားဖြင့် စီးပွားရေးဆန်ဆန်သာ ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့တင်ပို့သည့် ကောက်ပဲသီးနှံကို ဈေးအများဆုံးရရှိအောင် ဈေးကွက်နည်းဗျူဟာမျိုးစုံ ကျင့်သုံး၍လည်း ဆောင်ရွက်လေ့ရှိပါသည်။ ဂမ်ဘီယာနိုင်ငံသို့ ဆန်တင်ပို့မှု ဆောင်ရွက်ခဲ့ရာတွင်မူ စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းထက် လူသားချင်းစာနာမှုကိုလည်းကောင်း၊ စားနပ်ရိက္ခာအခက်အခဲပေါ်နေသည့် နိုင်ငံငယ်တစ်ခုကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲများ၏ စေတနာကို အရင်းခံ၍လည်းကောင်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့က အားတက်သရော ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

မိမိတို့နိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုအခက်အခဲများနှင့် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသော်လည်း မြန်မာနိုင်ငံသားများသည် အခက်အခဲပေါ်၍ ဒုက္ခရောက်နေသူများကို အကူအညီပေးရန် မည်သည့်အခါမျှ နှောင့်နှေးမှုမရှိခဲ့သည်ကို ဂမ်ဘီယာနိုင်ငံသို့ ဆန်ရောင်းချပေးခဲ့သည့် ဖြစ်စဉ်က ထင်ဟပ်ပေါ်လွင်စေလျက် ရှိပါသည်။ မြန်မာပြည်သည် အမှန်ပင် စေတနာကောင်းသော တိုင်းပြည်တစ်ခုဖြစ်ပါသည်။

**ကိုးကား**

**–FAO. 2004b. Gambia: TCP/GAM/ 2906 NEPAD–CAADP National Medium– Term Investment Programme**

# ပုသိမ်မြို့၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာညီလာခံ (Myanmar Dental Health Science Conference) ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညီလာခံအကြိုလှုပ်ရှားမှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့)တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၄၃ ဦးကို ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါအစီအစဉ်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) မျက်နှာမေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဌာနမှ ပါမောက္ခဒေါက်တာထွန်းငွေဦးဆောင်သော မျက်နှာမေးရိုးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့)မှ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်များ၊ သူနာပြုများ ပူးပေါင်းကာ ခွဲစိတ်ကုသမှု ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးမှ ခွဲစိတ်ကုသရန်သင့်လျော်သော အာခေါင်ကွဲလူနာကိုးဦးနှင့် နှုတ်ခမ်းကွဲလူနာ ၃၄ ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ခွဲစိတ်ကုသမှုများကို ကြည့်ရှု၍ အထူးကုဆရာဝန်ကြီးများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားကာ အာဟာရပြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာညီလာခံ (Myanmar Dental Health Science Conference)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆောင်ရွက်မည်ဖြစ်ပြီး ညီလာခံအကြိုလှုပ်ရှားမှုအဖြစ် သက်ကြီးရွယ်အိုများအတွက် သွားတု(အံကပ်/အံပုံ)များ တပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်ရှိ သွားနှင့် ခံတွင်း အထူးကုဆေးရုံ၌ ဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည်။



နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ သွားနှင့်ခံတွင်း အထူးကုဆေးရုံ (နေပြည်တော်)၊ မော်လမြိုင်မြို့၊ လွိုင်လင်မြို့၊ လှိုင်သာယာမြို့ ပြည်သူ့ဆေးရုံကြီးများတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ရွှေဘိုမြို့၊ မြိတ်မြို့၊ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးများတွင် တိုးချဲ့ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းရှိ မျက်နှာမေးရိုးနှင့်ခံတွင်းခွဲစိတ်ကုသမှုဆိုင်ရာဆေးပညာရှင်များအပြင် ပြည်ပပညာရှင်များနှင့်ပါ တွဲဖက်၍ ကွင်းဆင်းကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၄/၂၀၂၃) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၄/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် (နေပြည်တော်)ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန လောကနတ်ခန်းမ၌ လည်းကောင်း၊ (ရန်ကုန်မြို့)ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌လည်းကောင်း တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက် အမှာစကား ပြောကြားသည်။




**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး ဆရာမကြီးများနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေများ၊ စီးပွားရေးဆိုင်ရာဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် နိုင်ငံတကာ အစည်းအဝေးကျင်းပခြင်း စသည့် ဘာသာရပ်များ ပါဝင်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည် ဖြစ်ကြောင်းနှင့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများသာမက သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာများကို စိတ်ဝင်စားသော ပြင်ပပုဂ္ဂလိကနယ်ပယ်အသီးသီးမှ လေ့လာလိုသူများ တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံတမန်သင်တန်းကျောင်း ထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းထားရှိသော မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံ ပညာရှင်များအဖွဲ့ အဖွဲ့ဝင်များနှင့် (ရန်ကုန်မြို့)ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်ဗလခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အနေဖြင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ကဏ္ဍစုံတွင် ပညာရှင်ရှုထောင့်မှ အကြံပြုချက်များ အထောက်အကူပြုပံ့ပိုးနိုင်ရန် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ အစီရင်ခံ တင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr.J.M.J.P Bandara အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံ နှစ်နိုင်ငံအကြား ရန်ကုန်-ကတ္တမန္ဒူး၊ ရန်ကုန်-လုမ္ဗိနီ၊ မန္တလေး-လုမ္ဗိနီတို့အကြား အပြန်အလှန် တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲရေး၊ မြန်မာနိုင်ငံမှထွက်ရှိသော ပင်လယ်စာထုတ်ကုန်များ ပို့ကုန်အဖြစ်ပို့ဆောင်ရေး၊ မြန်မာနိုင်ငံရှိ ထင်ရှားသောဘုရားစေတီများနှင့် မြန်မာနိုင်ငံမြောက်ဖျားပိုင်းရှိ အထင်ကရနေရာများသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်နိုင်ရေး၊ ကတ္တမန္ဒူးမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် လုမ္ဗိနီဖွံ့ဖြိုးမှုကောင်စီတို့အကြား ချုပ်ဆိုခဲ့သော နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တော်ရှိ မြန်မာရွှေကျောင်းတော်ကြီးနှင့် လောကမဏိစူဠာစေတီတော်တို့အတွက် မြေငှားရမ်းခ လျှော့ပေါ့ပေးဆောင်စေရေးအပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ပြည်ပနိုင်ငံသားများသည် လေယာဉ်စရိတ်မှအပ ကျန်ဆွမ်းကွမ်းနေထိုင်စားသောက်စရိတ်များကို ကျခံရန်မလိုအပ်ဘဲ အေးချမ်းစွာပညာသင်ကြားလျက်ရှိသကဲ့သို့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့ရှိ ဗုဒ္ဓတက္ကသိုလ်တို့တွင် ပညာသင်ကြားလျက်ရှိသော မြန်မာရဟန်းတော်များ စရိတ်များလျှော့ချပေးရေးအပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr.J.M.J.P Bandara အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားမဝင်နယ်စပ်ကုန်သွယ်မှု ထိန်းချုပ်ရေး၊ ခတ်သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များ တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီ ၃၇ ပါတီတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၃၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် နိုင်ငံရေးပါတီ ၃၆ ပါတီမှတာဝန်ရှိသူများကို ရန်ကုန်မြို့၌ တွေ့ဆုံပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုထပ်မံ၍ နိုင်ငံရေးပါတီ ၃၇ ပါတီမှ ဥက္ကဋ္ဌနှင့် ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်များကို စည်းရုံးရန်နှင့် စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရန် ညွှန်ကြားခဲ့ကြောင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့က စစ်ဆေးလျက်ရှိကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီများက တင်ပြလာသော ပါတီဝင်အင်အားစာရင်းများကို ကနဦးစိစစ်တွေ့ရှိချက်များအရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပါတီဝင်များ ပါရှိနေသည်ကို တွေ့ရှိရသည့်အတွက် ပါတီဝင်အင်အား စာရင်းများကို ပြန်လည်စိစစ်ပြင်ဆင်ပေးရန် အကြောင်းကြားဆောင်ရွက်ခဲ့ရကြောင်း၊ သက်ဆိုင်ရာပါတီတာဝန်ခံများက စနစ်တကျ စိစစ်မှုခံယူရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပါတီဝင်အင်အားစာရင်းများ ထပ်မံစုဆောင်းရရှိပါကလည်း ကော်မရှင်နှင့် သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ သတ်မှတ်ပုံစံများဖြင့် ပြုစုပေးရမည်ဖြစ်ကြောင်း။

မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီများအနက် အချို့သော နိုင်ငံရေးပါတီများသည် ယခုအောက်တိုဘာလတွင် ရက်ပေါင်း ၁၈၀ ပြည့်မည်ဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ကြောင်း၊ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့် ပါတီဆိုင်းဘုတ်တင်ခြင်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းတို့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန် လိုကြောင်း၊ အစိုးရပိုင် အဆောက်အအုံ၊ နိုင်ငံ့ဝန်ထမ်းပိုင် အဆောက်အအုံ၊ ပိုင်ဆိုင်မှုအငြင်းပွားအဆောက်အအုံနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ဖွင့်လှစ်ခြင်းမပြုရန်နှင့် မြို့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပါတီရုံးများ ဖွင့်လှစ်ထားပါက ဖြုတ်သိမ်းရန် အကြောင်းကြားပြီး ဖြစ်သဖြင့် သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံရေးပါတီများ အနေဖြင့် ကျင်းပမည့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရေးနှင့် အနိုင်ရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီ အကြီး၊ အငယ်၊ အဟောင်း၊ အသစ် မခွဲခြားဘဲ ဥပဒေနှင့် အညီ တိကျစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ရန်ကုန်မြို့၌ နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာဝန်ထမ်းများကို ရှင်းလင်းခြင်း၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူလူထုကိုလည်း ရှင်းလင်းပြသခြင်း၊ စမ်းသပ် မဲပေးစေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ရွေးကောက်ပွဲ အကြိုကာလ လုပ်ငန်းစဉ်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဖြစ်ရာ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ နိုင်ငံရေးပါတီများအားလုံးအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ မိမိဒေသနှင့် တိုင်းရင်းသားလူမျိုးစုအကျိုး ကိုယ်စားပြုဆောင်ရွက်နိုင်သော ကိုယ်စားလှယ်လောင်းများ ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရေး ဆောင်ရွက်နိုင်သည့် နိုင်ငံရေးပါတီများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပြေးခုန်ပစ် နည်းပြသင်တန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြေးခုန်ပစ် အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြေးခုန်ပစ် နည်းပြဆရာကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် ပြေးခုန်ပစ်နည်းပြသင်တန်းအဆင့် (၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ရန်နှင့် အောင်မြင်မှုရရှိစေရန်အတွက် ထူးချွန်သည့် အားကစားသမားများ ရှိရုံသာမက ထူးချွန်သည့် နည်းပြများလည်းရှိရန် လိုအပ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ ရှားပါးလာပြီဖြစ်၍ အားကစားသမားများ၏ ငယ်စဉ်ဘဝ အားကစားကို စတင်လိုက်စားချိန်မှစတင်ပြီး အခြေခံကောင်းများကို နည်းစနစ်တကျ မှန်မှန်ကန်ကန် သင်ကြားပြသပေးရန်မှာလည်း နည်းပြများ၏ အရေးအကြီးဆုံး တာဝန်တစ်ခုဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ပြေးခုန်ပစ် နည်းပြသင်တန်းသည် မြန်မာ့ပြေးခုန်ပစ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် များစွာအထောက်အကူပြုပေးနိုင်မည့် အလွန်ထိရောက်သော သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည့် ခေတ်မီအဆင့်မြင့် အသိပညာ၊ အတတ်ပညာများကို မိမိတို့၏ အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်ပြီး မြန်မာ့ပြေးခုန်ပစ် အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အစွမ်းကုန်ပြန်လည်အသုံးချ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှုများအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသည့် နည်းစနစ်ကျွမ်းကျင်သူ အိန္ဒိယနိုင်ငံမှ Dr. Natarajan က နှုတ်ခွန်းဆက်စကား ပြောကြားသည်။



အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်မှ နည်းစနစ် ကျွမ်းကျင်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ပြေးခုန်ပစ် အားကစားသမားဟောင်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၅ ရက်မှ ၂၆ ရက်အထိ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူ မလေးရှားနိုင်ငံမှ Mr. Simon Lau နှင့် အိန္ဒိယနိုင်ငံမှ Dr.R.Natararajan တို့က နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ Multi–purpose Hall ၌ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# တက္ကသိုလ်များ နိုဝင်ဘာ ၁၆ ရက်တွင် ကျောင်းအပ်လက်ခံ၍ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်



**နေပြည်တော် အောက်တိုဘာ ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို တက္ကသိုလ်ဝန်ထမ်းများအားလုံး သိရှိအောင် ထပ်ဆင့်ရှင်းလင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ၏ ဥပဓိရုပ် ကောင်းမွန်ရေး အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် တက္ကသိုလ်များ၌ ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းအပ်လက်ခံရာတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များအားလုံးကို နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ မကြာမီကာလတွင် ပညာရေးဝန်ကြီးဌာန၏ အမျိုးသား အားကစားလှုပ်ရှားမှုအဖြစ် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာ ကဏ္ဍသုံးခုတွင် ဒေသအဆင့်၊ ဗဟိုအဆင့် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် ဧပြီလတွင် တစ်နိုင်ငံလုံး အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် စာတတ်မြောက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ တက္ကသိုလ် ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနလမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဆေးတက္ကသိုလ်တောင်ကြီး ဘက်စုံခန်းမ၌ ကျင်းပသည့် "လူငယ်စကားဝိုင်း" သို့ တက်ရောက်ချီးမြှင့်

**တောင်ကြီး အောက်တိုဘာ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆေးတက္ကသိုလ် (တောင်ကြီး)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ဆေးတက္ကသိုလ်(တောင်ကြီး)ဘက်စုံခန်းမ၌ ကျင်းပသည်။




လူငယ်စကားဝိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလျက်ရှိသည်ကို သိရှိရပါကြောင်း၊ ယနေ့လူငယ်များအနေဖြင့် မိမိတို့၏ မျှော်မှန်းချက်၊ မိမိတို့၏အနာဂတ်အတွက် လူငယ်စကားဝိုင်းမှ တစ်ဆင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ သိရှိအောင် တင်ပြဆွေးနွေးပြောဆိုခြင်းဖြင့် နောင်အနာဂတ်ကာလတွင် လူငယ်များအတွက် ကောင်းမွန်သည့် အနာဂတ်ကို မလွဲမသွေ ပိုင်ဆိုင်နိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်က လူငယ်စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအားဖျော့(ခ) အေးမောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ကျောင်းသား ကျောင်းသူများက နေရာယူ၍ မိတ်ဆက်ကြပြီး စကားဝိုင်းကို စတင်ရာ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှု၊ လူငယ်နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် လူငယ်စကားဝိုင်းတွင် ဆွေးနွေးကြသည့် ခေါင်းစဉ်များကို ဆေးတက္ကသိုလ် (တောင်ကြီး) ကျောင်းသား ကျောင်းသူများက မေးမြန်းကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ်(တောင်ကြီး)အတွက် အားကစားပစ္စည်းများ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးပေးကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်၊ စကားဝိုင်းတွင် စေ့စပ်ညှိနှိုင်းပေးသူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးစိုးနှင့် ဆွေးနွေးပေးကြသည့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြပြီး ဆေးတက္ကသိုလ်(တောင်ကြီး)ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ငဖဲ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ချောင်းဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မှုခင်းကျဆင်းရေးနှင့် လူငယ်ရေးရာဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်က မှုခင်းကျဆင်းရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးကိုကိုဟိန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေရည်ရွယ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသိန်းက လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားရှိသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**





# မိတ္ထီလာတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာတက္ကသိုလ်၌ အရှေ့တိုင်းပညာ မိသားစု မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့တွင် အဆိုပါတက္ကသိုလ် ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်နှင်းအိနှင့် အရှေ့တိုင်းပညာဌာနမှူး ဒေါက်တာအေးမင်းတို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တို့မှ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။ အခမ်းအနားသို့ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းတင်အောင်(ကြေးမုံ)**

သက်ရှိကမ္ဘာ
ရှင်သန်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက် မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ်ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့"**

**"Fighting Inequality for A Resilient Future"**

**အောက်တိုဘာလ (၁၈) ရက်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ရိတ်သိမ်းနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေး

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ရိတ်သိမ်းနိုင်ရေးစက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်များ သက်ဆိုင်ရာဒေသသို့ ချက်ချင်းရောက်ရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နှစ်စဉ်ရေဝင်ရောက်သော မြေနိမ့်ပိုင်းရှိ လယ်မြေများတွင် ရေမြုပ်ခံစပါးမျိုးများ စိုက်ပျိုးရန် လိုအပ်ပြီး မိုးရေချိန်နည်းပါးသည့် ဒေသများတွင် ရေအနည်းလိုစပါးမျိုးများ စိုက်ပျိုးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာသည့် ခရိုင် ခြောက်ခုမှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများက ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို Power Point ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လာမည့်ဆောင်းသီးနှံနှင့် နွေစပါးစိုက်ရာသီများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ စိုက်ပျိုးရေရရှိရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး အကြံပြုတင်ပြဆွေးနွေးခဲ့ရာ တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ဧက ၂၆ သိန်းကျော်အနက် အောက်တိုဘာ ၁၅ ရက်အထိ မိုးစပါးဧက ငါးသိန်းကျော် ရိတ်သိမ်းပြီးစီးခဲ့ပြီး မိုးစပါးတစ်ဧကလျှင် ၉၁ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမရပူရမြို့နယ်ရှိ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေဖြင့် အမရပူရမြို့နယ် အတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသည့် (စိုက်/ထွေ) သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ခင်းများနှင့် မန်ကျည်းကိုင်းကျေးရွာအုပ်စုရှိ မန်ကျည်းကိုင်း(လယ်/ထွေ) သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ခင်းများကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အမရပူရမြို့နယ် အနေဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေဖြင့် တမုတ်ဆိုးကျေးရွာ တမုတ်ဆိုး (လယ်/ထွေ) သမဝါယမအသင်းမှ အသင်းသား ၂၄ ဦး စိုက်ဧက ၁၂၅ ဧက၊ မိုင်လေးဆယ်ကျေးရွာရှိ မိုင် လေးဆယ်(စိုက်/ထွေ) သမဝါယမအသင်းသား ခုနစ်ဦး စိုက်ဧက ၄၇၊ မန်ကျည်းကိုင်းကျေးရွာရှိ မန်ကျည်းကိုင်း (လယ်/ထွေ) သမဝါယမအသင်းသား ၈၀ စိုက်ဧက ၃၉၆၊ တောင်ကိုင်းကျေးရွာရှိ ဒို့ခေတ်(လယ်/ထွေ) သမဝါယမအသင်းသား ၁၀ ဦး စိုက်ဧက ၅၀၊ ဂျီရွာကျေးရွာရှိ ဂျီရွာ( စိုက်/ထွေ ) သမဝါယမအသင်းသား ၃၃ ဦး စိုက်ဧက ၂၂၀၊ ဆောက်တော၀ကျေးရွာရှိ အောင်ပြည့်(စိုက်/ထုတ်) သမဝါယမအသင်းသား ငါးဦး စိုက်ဧက ၂၆၊ တလင်းကြီးကျေးရွာရှိ ချမ်းမြေ့သာယာ( လယ်/ထွေ) သမဝါယမအသင်းသား ၂၀ စိုက်ဧက ၆၂၊ ရှမ်းရွာကြီးကျေးရွာရှိ ရှမ်းရွာကြီး( စိုက်/ထွေ) သမဝါယမ အသင်းသားခြောက်ဦး စိုက်ဧက ၄၀၊ ရေဘုတ်ကျေးရွာရှိ ရေဘုတ်(လယ်/ထွေ) သမဝါယမ အသင်းသား ခုနစ်ဦး စိုက်ဧက ၃၈ စုစုပေါင်းကျေးရွာ ကိုးရွာမှ သမဝါယမအသင်းပေါင်း ကိုးသင်း၏ အသင်းသားတောင်သူ ၁၉၂ ဦးမှ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ဧက ၁၀၀၄ ဧကအား စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေး

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၆ ရက်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် တာဂွကျေးရွာအုပ်စု တာဂွကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စီမံကိန်းလည်ပတ် ရန်ပုံငွေများထုတ်ချေးပေးရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တာဂွကျေးရွာအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦး စုစုပေါင်းအသင်းသား ၁၁၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းအား တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်လဲ့လဲ့မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေတို့က ကြီးကြပ်၍ ကျေးရွာစီမံကိန်းတာဝန်ခံများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# ခုံကြီးတံတားအား အချိန်မီပြီးစီးရေး ကွင်းဆင်းကြီးကြပ်

**လေးမျက်နှာ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ လုံခြုံချောမွေ့စေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေ ၁၆၁ ဒသမ ၃ သန်းဖြင့် ခတ္တာ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်းပေါ်ရှိ ခုံကြီးတံတား Bored Pile တူးပြီး သံခြင်းချနေမှုအား ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းက ကွင်းဆင်းကြီးကြပ်သည်။

အဆိုပါတံတားသည်အရှည်ပေ ၂၂၀၊ အကျယ်ပေ ၂၀၊ သုညဒသမ ၈ မီတာအချင်းရှိ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်ထိပ်အုပ်နှင့် ကိုယ်ထည်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားဖြစ်ကာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၄၄ တန်ခံနိုင်ဝန်ရှိပြီး စီမံကိန်းကာလမှာ သုံးနှစ်ခန့် ကြာမြင့်နိုင်သည်။ တံတားကြီးပြီးစီးသွားပါက ကျေးရွာ၁၇ရွာ၊ အိမ်ခြေ ၂၀၉၄ အိမ်နှင့် လူဦးရေ ၉၂၆၈ ဦးတို့ အကျိုးပြုနိုင်ကြောင်း သိရသည်။ **တင်ရွှေ(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆေးကုသရေးအဖွဲ့ မုံရွာမြို့တွင် ကွင်းဆင်းဆေးကုသပေးနေမှုများ လိုက်လံကြည့်ရှုအားပေး

မုံရွာ အောက်တိုဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၏ အထူးဆေးကုသရေး အစီအစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆေးကုသမှုဆောင်ရွက်ရာသို့ လာရောက်ကုသမှုခံယူနေကြသော မုံရွာခရိုင်အတွင်းရှိလူနာများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူနာများအား နေ့လယ်စာစားသောက်ဖွယ်ရာများ လိုက်လံဝေငှခဲ့ကြပြီး ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသရေးအစီအစဉ်တွင် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ အထွေထွေရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါ၊ အရိုး၊ အကြော၊ အဆစ်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ အထူးကုဆရာဝန်ကြီးများက မုံရွာမြို့မှ အထူးကုဆရာဝန်ကြီးနှင့်အတူ မုံရွာခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အောက်တိုဘာ ၁၆ ရက်တွင် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ လူနာ ၃၇ ဦး၊ ဦးနှောက်နှင့်အာရုံကြောရောဂါ လူနာ ၇၉ ဦး၊ အသည်းရောဂါလူနာ ၄၁ ဦး၊ နှလုံးရောဂါလူနာ ၁၀၀၊ အရိုး၊ အကြော၊ အဆစ်ရောဂါလူနာ ၁၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၆၅ ဦး၊ အထွေထွေရောဂါလူနာ ၁၁၂ ဦး၊ အထွေထွေခွဲစိတ်လူနာ ၂၃ ဦး၊ မျက်စိရောဂါ ပြင်ပလူနာ ၁၈၉ ဦး၊ အကြီးစားခွဲစိတ်လူနာ ၂၀နှင့် အသေးစားခွဲစိတ်လူနာ နှစ်ဦး၊ ကလေးလူနာ တစ်ဦး စုစုပေါင်း လူနာ ၇၈၉ ဦးအား အထူးကုဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ကုသပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုံမှန်ကာကွယ်ဆေး ထိုးနှံ/ တိုက်ကျွေးခြင်းနှင့် အသက် တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ် ၁၂၈ ဦးအား Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံ/ တိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများနှင့် နေ့လယ်စာစားသောက်ဖွယ်ရာများ ဝေငှခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

နေပြည်တော် အောက်တိုဘာ ၁၆

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က မြန်မာ့မီးရထား နေပြည်တော်ဘူတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့ ပြည်ထောင်စုနယ်မြေတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အာမခံအလုပ်သမား ဦးဘိုဘိုထွန်း၏ လုပ်ငန်းခွင်ရှိရာ နေပြည်တော်ဘူတာကြီးသို့ ဖယ်ရီကားဖြင့် ရောက်ရှိခဲ့ရာ ဖယ်ရီကားပေါ်မှဆင်းပြီး ကျန်းမာရေးမကောင်းသော ခန္ဓာကိုယ်ဝနေသည့် ဝန်ထမ်းအား ကူညီပြီးတွဲချရာမှ ခြေချော်၍ ပက်လက်လန်လဲကျကာ ရေမြောင်းအုတ်ပေါင်နှင့် ရိုက်မိခဲ့သဖြင့် ဦးခေါင်းထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ ကို မိသားစုဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အဆင့် မိတ်ဖက်ပေါင်းစပ်အဖွဲ့ဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ပြီး မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနကိုယ်စား မန်နေဂျာ ဦးသက်ဆွေမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း (တတိယနေ့) ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) အထူးကုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။



### ခွဲစိတ်ကုသ

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာ ဦးသန်းအောင်နှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုရဲဇော်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူး ကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေး အခြေအနေမှာလည်း ကောင်းမွန်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၅၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၆

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် Dry Port (ရွာသာကြီး) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သက်ဆိုင်ရာကုမ္ပဏီမှ စွန့်လွှတ်ကြောင်း လျှောက်ထားလာသည့် UHT Full Cream Milk လီတာ ၂၀၄၀၀၊ Pure Full Cream Milk ၂၁၆ လီတာ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၅၇၃၃၀၈၁ ကျပ် )ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Goat Milk ရေချိုးဆပ်ပြာရည် ဘူး ၇၂၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄၁၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် SU–YOSO Wireless Karaoke Speaker အခု ၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝေါမြို့နယ်ရဲတပ်ဖွဲ့မှ လာရောက်အပ်နှံသည့် ယာဉ်နှစ်စီးအား ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ တာဝန်ကျပူးပေါင်းအဖွဲ့က




ရန်ကုန်တိုင်းဒေသကြီး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M–150 အချိုရည် ပုလင်း ၇၅၀၀၊ Lemon Soda အချိုရည်ဘူး ၂၄၀၀၊ Prawn Hornet စားအုန်းဆီ လီတာ ၁၂၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၆၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝန်စည်တစ်ခုအတွင်းမှ Dji Drone တစ်စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၁ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၀၈၄၈၃၀၈၁ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ဗန်းမော်မြို့နယ် ဗန်းမော်–မံစီသွားကားလမ်း ကောင်ဂျာယန် ကျေးရွာအနီးတွင် သိန်းစိုးမောင်းနှင်ပြီး မဂျာဒွဲ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ဖော့တောကျေးရွာအနီးတွင် SUZUKI ERTIGA အမျိုးအစားအငှားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မနန်းဥမ္မာချော၊ မမူလှပွင့်၊ မဝင်းရီနှင့် မနန်းရီတို့ လေးဦးထံမှ ဘိန်းစိမ်း ၁၂ ဒသမ ၈ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက် သင်းဝင်လမ်းတွင် မြင့်ဝင်း မောင်းနှင်လာသည့် Micro Bus ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို လည်းကောင်း။

အလားတူ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် သီရိရတနာ



မြင့်ဝင်းနှင့် ကျော်သိန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

ယာဉ်ရပ်နားစခန်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ စိုင်းစွမ်းထက်ဖိုလ်(ခ)ရှမ်းလေးကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁ ဒသမ ၃၇၅ ကီလို၊ Happy Water သုည ဒသမ ၁၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၃ နာရီခွဲက ကွင်းဆက်တရားခံ ထွန်းထွန်းစိန်ကို တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစွမ်းထက်ဖိုလ်(ခ)ရှမ်းလေး(၂၈)နှစ်နှင့် ထွန်းထွန်းစိန်(၆၁)နှစ်တို့ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက်တွင် လှိုင်ဘွားမောင်းနှင်ပြီး မဒေလီမွန်မွန်နိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၀-၂၀၂၂ အင်္ဂါနေ

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ခုနှသုတ်)
၀၆:၄၀ မန်းမြေတစ်ခွင်မှ.........ထူးခြားထင်ရှားတည်ရှိမှုများ
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ အရိယာတို့မြေမှာပေါ်ထွန်းလာသောပုညရှင်သာသနာ့ဗိမာန်တော်
၀၉:၁၅ ထူးခြားစုံလင်အာရပစိဗိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်–မြန်မာအခန်းကဏ္ဍများ(အပိုင်း–၂)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း–၂)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတစ်ကောင်ဘာအက်ဆေး' (အပိုင်း–၁၃)
၁၄:၃၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွင့်ပျံ့အမှုန်း' (အပိုင်း–၃၉)
၁၆:၃၅ (၂၄)ကြိမ်မြောက်အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ "ခေတ်ဟောင်း၊ကာလပေါ်၊အမျိုးဂုဏ်၊ဇာတိဂုဏ်မြှင့်တင်ရေး" အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်
၁၇:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၃၅ "တောက်တဲ့ရှိုးကျေးရွာကျောင်းလေးမှ ကျောက်ရိုင်းပန်း" (မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာတွဲ ပထမဆုရရှိသူ မထိုက်သူလင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတစ်ကောင်ဘာအက်ဆေး' (အပိုင်း–၁၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း–၃၅)

**mitv**

07:02 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:08 Products of Myanmar - Stone Of The Heavens
07:35 Family of Toys
08:01 News
08:27 A Historic Town: 9 Pagodas
08:40 Htan Taw Drums (Part-I) "Osi"
08:53 New Destination for Sea Lovers
09:01 Topical Science Topic (Current Life Expectancy and Longevity)
09:28 Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
09:34 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
10:01 News
10:27 Pan Tamawt... Stone Carving
10:54 Popa Flat-Topped Hill (Taung-Ka-Lat)
11:01 The Bamboo Hat

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း–၄)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
'တိုင်းနေ'အထက်ရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့မှု
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ပိုးမွေးမြူရေးအကြောင်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း–၆)
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဒီးကူနှင့်စည်းလုံးခြင်း
**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
စပါးလိဝ်ပြာဒေါ်ပွဲအကြောင်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
အလှပြာဝေဖားစည်မြေ
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ချိုအိမွှေးတဲ့ကောက်ညှင်းကျည်တောက်
**ချင်း(လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ကြက်သားနှင့်ပိန္နဲသီးချက်နည်း
**ချင်း(ချို) (၂၂:၀၀ မှ ၂၃:၀၀)**
ရှိကျေးရွာကထင်ကျန်ထူးခြားခြေရာများ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ လူမှုဘဝထဲကစက္ကူ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း–၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၇)

**MRTV FARMERS' / HTV Channel**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၃၀ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ လှမ်းလို့သာလာခဲ့ပါ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ အရိပ်ပမာ(ဇာတ်လမ်း)ဒါရိုက်တာ–နေမိုင်၊ သရုပ်ဆောင်–နေတိုး၊ထွန်းအိန္ဒြာဗိုလ်၊ စံရတီမိုးမြင့်
၁၉:၃၀ Last Day of Wheat Harvest!
၂၂:၀၀ Rose-Queen of Flowers-Go Wild
၂၃:၀၀ Year TWO. Everything we build on our abandoned land

**MRTV SPORTS / HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၂၀ ပညာပေးဇာတ်လမ်း 'အချိန်လွန်နောင်တ'

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm




## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင် တစ်ဦးအား ဆုကြေးငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦးသည် ၎င်းနှင့်အတူပါလာသည့် ကာဘိုင် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည်အတောင့် ၈၀ နှင့် စကားပြောစက် တစ်လုံးတို့ကို အပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကာဘိုင်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀၊ စကားပြောစက်တစ်လုံးအတွက် နှစ်သိန်း စုစုပေါင်းငွေကျပ် ၅၂ သိန်းကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yoon Yoon" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အေးအေးသန်းအား နံနက် ၁၀ နာရီတွင် ဝမ်းတွင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၁၆**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဆယ်မိုင်ကျေးရွာအုပ်စု တာကြုံပါဒကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၂ ဦး တက်ရောက်ပြီး သင်တန်းကာလ နှစ်လကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၅၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၅ | ၂၂၉၀ | ၂၄၁၀ | ၂၄၀၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၈၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၉၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၁၄၆ | ၂၂၁၈ |
| HSD (50 ppm) | ၂၂၅၇ | ၂၃၃၂ |
| HSD (10 ppm) | ၂၂၆၃ | ၂၃၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲဇာတ်လမ်းများ"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NCAနှင့်ရိုးသားမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ (ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် ဒွါဒသမတန်း (Grade 12) သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ စနစ်သစ် ဒွါဒသမတန်း (Grade 12) သမိုင်းဘာသာရပ် ကျောင်းသုံးဖတ်စာအုပ်ကို မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းဖတ်စာအုပ် (၂) အုပ်မခွဲခြားဘဲ (၁) အုပ်တည်းမှာ ရေးသားပြုစုပြဋ္ဌာန်းထားတယ်။ မြန်မာ့သမိုင်း သင်ခန်းစာ ၅ ခန်းနဲ့ ကမ္ဘာ့သမိုင်း သင်ခန်းစာ ၄ ခန်း စုစုပေါင်း အခန်း ၉ ခန်း ပါဝင်ပါတယ်။**

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေး ပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ် (၁၈၂၄-၁၈၂၆) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် - မြန်မာစစ် (၁၈၅၂-၁၈၅၃) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယအင်္ဂလိပ်-မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။

မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို ၃ ကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့ကသိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ် - မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ရတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည် (ပဲခူးနယ်) တို့ကို ပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲ ကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့ စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာစတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်းကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။

၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေး အဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာမြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန် တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေကိုပြဋ္ဌာန်းပြီး ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနှင့် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေး ချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်တွင် သီးခြားစုံညီအစည်းအဝေး ကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူများနဲ့တွဲရေးကို လိုလားသူများဆိုပြီး အုပ်စုများ ကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကိုဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ် ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦး ပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနှင့် အကြံပေးချက်များအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင် ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်များ အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာန အုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာမှုများကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းများဖြစ်ကြတယ်။ ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါး ရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီ ၄ ခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမား ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာ ကုမ္ပဏီကလည်းကောင်း လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခဲ့တယ်ဆိုတာ သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကိုအခြေခံတဲ့ လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများ တိုးချဲ့လာတဲ့အတွက် ပြည်ပမှအလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့ အလုပ်သမားများရဲ့ ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်တဲ့ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများ အပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ်ပေါ်ပေါက်လာတယ်ဆိုတာလည်း သိထားရမယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ကျေးလက်တောရွာနေ ပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများ ဖွင့်လှစ်နိုင်ခဲ့တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ပြောင်းလဲမှု (၁၉၄၈- ၁၉၆၂) ကိုလေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရ အုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ် အထိကာလဟာ ပြည်ထောင်စု (ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် ၂ ရပ်ရှိတယ်။ လွှတ်တော် ၂ ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ ရှိတယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များကို အဆင့်ဆင့် ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကိုပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး စီမံကိန်းဟာ ကျေးရွာကို အခြေပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။

မြန်မာ့သမိုင်းမှာ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ်ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေးပြောင်းလဲမှုနဲ့ လူမှုရေးပြောင်းလဲမှု အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေး ကောင်စီပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေအကြောင်းကိုလေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။

တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်းကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ် စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နဲ့ ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များ ချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလာဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်

စာမျက်နှာ ၁၇ သို့ ■

■ စာမျက်နှာ ၁၆ မှ

ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပြောင်းလဲလာတဲ့ ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်ကြောင့် ပေါ်ပေါက်လာသောကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများဆိုပြီး လေ့လာရမှာဖြစ်တယ်။

ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာတဲ့ ကမ္ဘာ့အနေအထား သင်ခန်းစာကို တင်ပြသွားပါမယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများဆိုပြီးပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့ အဓိက လုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။

ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီ အဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန် ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယ ကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကိုအခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။

တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ် ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် သိသာစွာ ပြောင်းလဲမှုများဖြစ်ပေါ်လာတယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်းဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့်ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတဲ့ ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရသည့်စိန်ခေါ်မှုတွေဟာလည်း အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။ တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့်လမ်း အစီအစဉ် ဘီအာအိုင် (BRI-Belt and Road Initiative) ကိုလည်း သိဖို့လိုအပ်တယ်။ ခေတ်သစ်ကမ္ဘာ့သမိုင်းကို လေ့လာတဲ့အခါ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးတို့အပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့ လိုအပ်တယ်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်းဟာ ကျောင်းသား ကျောင်းသူများရဲ့ သင်ကြားသင်ယူမှု အခြေအနေ၊ သမိုင်းဘာသာရပ်ရဲ့ သဘောသဘာဝနဲ့ ဘာသာရပ်လိုအပ်ချက်များအပေါ်မူတည်ပြီး ယခင်နှစ်မေးခွန်းပုံစံကို အပိုင်းအချို့မှာ မွမ်းမံပြင်ဆင်ထားတဲ့အတွက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်းပုံစံနဲ့ အနည်းငယ် ကွဲလွဲမှုရှိပါတယ်။ ကျောင်းသားကျောင်းသူ အများစုရဲ့ အလွတ်ကျက်မှတ်တဲ့ အလေ့အထ၊ ဘောင်ခတ်ထားတဲ့ အခြေအနေကနေခွဲထွက်ပြီး သင်ယူမှုဆိုင်ရာ ကျွမ်းကျင်မှုများဖြစ်တဲ့ လေးနက်စွာစဉ်းစားတွေးခေါ်ခြင်း၊ ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဆက်သွယ်ပြောဆိုတတ်လာခြင်း၊ စုပေါင်းလုပ်ဆောင်တတ်လာခြင်းစတဲ့ ၂၁ ရာစု ကျွမ်းကျင်မှုများအပေါ် အခြေခံထားတဲ့ မေးခွန်းပုံစံသစ်ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်းသုံးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင် မေးထားတဲ့မေးခွန်းများ ဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း ၄ မျက်နှာ ပါရှိမှာ ဖြစ်တယ်။

မေးခွန်းအပိုင်း (က) ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁(က) နဲ့ ၁(ခ) ဆိုပြီးပါရှိမှာ ဖြစ်တယ်။ ဘာသာရပ်ကျေညက်မှုနဲ့ စဉ်းစားတွေးခေါ်မှုကိုအားပေးပြီး ဖြတ်ထိုးဉာဏ်ကို ဆန်းစစ်တဲ့ မေးခွန်းများဖြစ်တယ်။ မေးခွန်းအပိုင်း (က) ဟာ မေးခွန်းလွှာရဲ့ စာမျက်နှာ (၁) (၂) (၃) တို့မှာပါရှိမှာ ဖြစ်တယ်။ မေးခွန်းအပိုင်း (ခ) ကတော့ မှတ်စုတိုမေးခွန်းဖြစ်တယ်။ သင်ရိုးပါသင်ခန်းစာတွေထဲက အဓိကမှတ်သားသင့်တဲ့ အချက်တွေကို နားလည်သိရှိမှု ရှိ မရှိစစ်ဆေးတဲ့ မေးခွန်းဖြစ်တယ်။ သင်ခန်းစာရဲ့ အကြောင်းအရာတစ်ခုစီကိုကောင်းစွာနားလည်ပြီး အဓိကအချက်တွေကို ထုတ်နုတ်တတ်စေဖို့ ရည်ရွယ်တဲ့ မေးခွန်းများဖြစ်တယ်။ မေးခွန်းအပိုင်း (ခ) နဲ့ အပိုင်း (ဂ) တို့ကတော့ မေးခွန်းလွှာရဲ့ စာမျက်နှာ(၄)မှာ ပါရှိမှာဖြစ်တယ်။ အပိုင်း (ဂ)ဟာ မေးခွန်းရှည်ဖြစ်တယ်။ သမိုင်းအကြောင်းအရာများကို ကြောင်းကျိုးဆက်စပ်တွေးခေါ်တတ်စေဖို့ ကျောင်းသား ကျောင်းသူများရဲ့ ကိုယ်ပိုင်အမြင်ကို တင်ပြဖော်ထုတ်ပြီးဖြေရတဲ့ မေးခွန်းများဖြစ်တယ်။

မေးခွန်းအပိုင်း(က)ရဲ့ နံပါတ် ၁ (က) မေးခွန်းကတော့ **အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။** ဟူ၍ ဖြစ်တယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းက (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းက (၇) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်ကတော့ (၁၅) မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (က) ရဲ့ နံပါတ် ၁(ခ) မှာ **အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ** ဟူ၍ ဖြစ်တယ်။ ပုဒ်ခွဲ (၁) မှ (၁၅) ထိ ပါဝင်ပြီး မြန်မာ့သမိုင်းက (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းက (၈) ပုဒ် စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်ကတော့ (၁၅) မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (ခ) ကတော့ **အောက်ပါတို့အနက်မှ ခြောက်ပုဒ်ကို မှတ်စုတိုရေးပါ** ဖြစ်တယ်။ မေးခွန်း နံပါတ် (က)မှ (ဇ) အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း(၄) ပုဒ်တို့ ပါဝင်တယ်။ အဲဒီ (၈) ပုဒ်ထဲက နှစ်သက်ရာ (၆) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်ကတော့ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) ကတော့ **အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ** ဖြစ်တယ်။ အပိုင်း (ဂ) ရဲ့နံပါတ် (၁) မေးခွန်းဟာ မြန်မာ့သမိုင်း မေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ) ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာတစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ် ဖြစ်တယ်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာဟာ သမားရိုးကျ အလွတ်ကျက်မှတ် ဖြေဆိုတဲ့စနစ်ကနေ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးတဲ့ ဓမ္မဓိဋ္ဌာန် မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်တဲ့ အချက်များကို နားလည်သိရှိမှု ရှိ မရှိ စစ်ဆေးတဲ့ မှတ်စုတို မေးခွန်းများ ပါဝင်တယ်။ ဒါ့ပြင် သမိုင်းအကြောင်းအရာတစ်ခုစီရဲ့ အခြေခံအကြောင်းရင်းများနဲ့ အကျိုးသက်ရောက်မှုများဟာ ဘယ်လိုဆက်စပ်နေတယ်ဆိုတာ လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရတဲ့ မေးခွန်းရှည်များလည်း ပါဝင်တယ်။

မေးခွန်းတစ်ခုလုံးဟာ ပြဋ္ဌာန်းစာအုပ်ကို လွှမ်းခြုံပြီးဖြေနိုင်ဖို့ ဦးတည်ထားတဲ့မေးခွန်းများ ဖြစ်တယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေဟာ သမိုင်းအကြောင်းအရာများ အကဲဖြတ်တတ်ခြင်း၊ လေ့လာသုံးသပ်တတ်ခြင်း၊ ကောက်ချက်ချတတ်ခြင်း၊ ရှင်းပြတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း၊ သင်ခန်းစာယူတတ်ခြင်းစတဲ့ သမိုင်းအမြင်ရင့်သန်လာစေဖို့ အထောက်အကူပြုတဲ့ မေးခွန်းပုံစံဖြစ်တယ်။

ကျောင်းသား ကျောင်းသူများအနေနဲ့ သမိုင်းဘာသာရပ်ကို လေ့လာရာမှာ ပြဋ္ဌာန်းစာအုပ်ရဲ့ တစ်စိတ်တစ်ပိုင်းကိုသာ ရွေးချယ်လေ့လာကျက်မှတ်ခြင်းမျိုး မလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို အကြောင်းအရာအချက်အလက်များနဲ့ သမိုင်းစဉ်ဆက်စပ်မှုကို အထူးသတိထားပြီး သေချာလေ့လာရပါမယ်။ မေးခွန်းကို သေသေချာချာဖတ်ပြီး မေးခွန်းနဲ့ သက်ဆိုင်ရာကိုသာ ရေးဖြေဖို့လိုပါတယ်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်းလွှာကို ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

❍ ကျောဖုံးမှ

မြန်မာအသင်းသည် အောက်တိုဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမအကျော့တွင် ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရထားသဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းလျက်ရှိသည်။ မြန်မာအသင်းသည် ပထမအကျော့ကစားသည့် ခြေစွမ်း၊ မကာအိုအသင်းနှင့်အကြား ခြေစွမ်းကွာဟမှုများကြောင့် ဒုတိယအကျော့တွင်လည်း ရလဒ်ကောင်းရယူနိုင်ရန် အခြေအနေကောင်းနေသည်။

မကာအိုအသင်းနှင့် မြန်မာအသင်းတို့၏ ခြေစစ်ပွဲ ဒုတိယအကျော့ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၆ ရက်က ကျင်းပသည်။ မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက “အိမ်ကွင်းမှာနိုင်ခဲ့သလို အဝေးကွင်းမှာလည်း နိုင်ချင်ပါတယ်။ နိုင်ပွဲရဖို့အတွက် အခွင့်အရေးအားလုံးကို အသုံးချသွားမှာပါ။ ခံစစ်ကစားသွားဖို့မရှိဘဲ အင်အားအပြည့်နဲ့ ကစားသွားဖို့ရှိပါတယ်။ ပထမအကျော့မှာ ဂိုးပြတ်နိုင်ခဲ့တယ်ဆိုပေမယ့် မကာအိုအသင်းကလည်း ယှဉ်ကစားနိုင်စွမ်းရှိပါတယ်” ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ကျော်မင်းဦးက “ပထမပွဲမှာ အနိုင်ရခဲ့သလို ဒီပွဲကိုလည်း အနိုင်ရချင်ပါတယ်။ ဒီပွဲစဉ်ကို လာမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေအတွက် အကြိုပြင်ဆင်မှုအဖြစ် သတ်မှတ်ထားပါတယ်။ အင်အားအပြည့်၊ အာရုံစူးစိုက်မှုအပြည့်နဲ့ ယှဉ်ပြိုင်ကစားသွားမှာပါ” ဟု ပြောကြားခဲ့သည်။ **ကိုညီလေး**

# စန္ဒကူးနံ့သာကျောင်းတော်ရာအတွေးများနှင့် မကွေးမြို့က ပြန်ခဲ့သည်

■ မြင့်စိုး(နတလ) ■

မုန်းချောင်းရေအလျဉ် ရစ်ခွေဆင်းသို့
ကျား ရင်ထဲမှာနွေ ...
အသည်းလှွာအပေါင်း
ချမ်းဆောင်းမြမြ တုန်ယင်ကာလေ
နှလုံးသားမျက်ရည် မိုးသို့စွေခဲ့ပေ
မ ရင်ထဲမှာနွေ ...
အသည်းလှွာအပေါင်း
ချမ်းဆောင်းမြမြ တုန်ယင်ကာလေ
နှလုံးသားမျက်ရည် မိုးသို့မစွေနဲ့လေ
ကျား ဘယ်လိုပင် ဝေးကွာဝေးအောင်
ပြေးကာပြေးလို့ တို့မှာမဖြေနိုင်
အသည်းလေးခွေယိုင်
နှလုံးသားတွေကမခိုင်
မ ဘယ်လိုပင် ဝေးကွာဝေးအောင်
ပြေးကာမပြေးကွဲ့
မေ့အသည်းညှာပိုင်
အသည်းလေးတူပြိုင်
သစ္စာပန်းနှက်ဖူးအခိုင်

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးတည်ရှိရာကျောင်းတော်ရာရွာသို့မရောက်မီကတည်းက ကျွန်တော့်နားထဲတွင် တေးသံရှင် ဗညားဟန်နှင့် စိုးစန္ဒာထွန်းတို့ သီဆိုထားသော “စန္ဒကူးအလွမ်း” သီချင်းသံလေးက ပဲ့တင်ထပ်၍ ကြားယောင်လာမိသည်။ တေးရေးလက်ရာရှင်ကတော့ ကျောင်းတော်ရာသိန်းဝင်း ဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်က တိတိကျကျပြောရလျှင် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလခန့်က စန္ဒကူးအလွမ်းသီချင်း ဖန်တီးရှင် ကျောင်းတော်ရာသိန်းဝင်းသည်ပင်လျှင် အသက် ၆၈ နှစ် ရှိလာခဲ့လေပြီ။ သူ၏ အစ်ကိုရင်းဖြစ်သူ ဦးကြည်စိုးနှင့် တွေ့ဆုံစကားပြောခဲ့သဖြင့် ၂၀၀၀ ပြည့်နှစ် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ရွှေသင်္ကန်းကပ်လှူပွဲနှင့် ထီးတော်တင်ပွဲသည် အဆိုတော် ဗညားဟန်၏ အနုပညာခရီး အစဖြစ်ကြောင်း သိခွင့်ရခဲ့သည်။ ကျောင်းတော်ရာကျေးရွာ တွဲဖက်အထက်တန်းကျောင်းဆရာလေး ကိုမြင့်ဌေးသည် ကိုသိန်းဝင်း၏ စန္ဒကူးအလွမ်းသီချင်းကို ထိုဘုရားပွဲတွင်တေးသံရှင် စိုးစန္ဒာထွန်းနှင့်အတူ တွဲ၍သီဆိုခွင့်ရခဲ့၏။ ထိုမှ ဗညားဟန် ဖြစ်လာခဲ့သည်။ ဦးကြည်စိုးကိုယ်တိုင်လည်း ထိုအချိန်က တေးသံသွင်းဆိုင်ဖွင့်ထားသောကြောင့် အနုပညာနှင့်မစိမ်းလှ။ တေးရေးဆရာ ဦးသိန်းဝင်းသည် ယနေ့အချိန်အထိ တေးသီချင်းများ ရေးဖွဲ့သီကုံးနေဆဲဖြစ်ပြီး မကြာမီ တေးရေးသဟာအောင်တို့နှင့်တွဲ၍ ဖန်တီးထုတ်လုပ်ဦးမည်ဖြစ်ကြောင်း သိခဲ့ရသည်။ ကျောင်းတော်ရာကို ရွာဟုပြောနေရသော်လည်း စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၏ အရိပ်အာဝါသအောက်တွင် မြို့ပြအသွင်ဆောင်နေပြီဖြစ်သည်။ တိုက်နယ်ဆေးရုံရှိသည်။ မီးသတ်ရှိသည်။ လူမှုရေးဘာသာရေးအသင်းအဖွဲ့များ ရှိနေသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစိုက်ခင်းများနှင့် တန်ဆာဆင်ထားသေး၏။

တို့နှစ်ဦးစုံညီ မြင်းလှည်းလေးနဲ့
ငါးစာကျွေးခဲ့ တူတူပြိုင်ပြိုင်
မုန်းချောင်းရေအလျဉ် ရစ်ခွေဆင်းသို့
တို့ချစ်ခြင်းက မပျက်ယွင်းခဲ့ပါနိုင်

စန္ဒကူးအလွမ်းသီချင်းထဲက မုန်းချောင်းဘေးသို့မူ ကျွန်တော် မရောက်ဖြစ်တော့၊ ဘုရားနှင့် လေးဖာလုံခန့်သာ ဝေးသည်ဆို၏။ ဝါဆိုလပြည့်နေ့ရောက်တိုင်း ဘုရားလာဖူးကြသော မုန်းချောင်းထဲမှ ငါးထွေကြီးများအကြောင်းကိုလည်း ကြားခဲ့ရသည်။ သောင်တွေထွန်းကာ ဂေဟာစနစ်ပြောင်းသွား၍ပဲလား၊ စက်တပ်မော်တော်လေးများ အသွားအလာများ၍ပဲလား တော့မသိ၊ တဖြည်းဖြည်း ကောင်ရေနည်းသွားပြီး ၂၀၁၁-၂၀၁၂ နောက်ပိုင်း မလာကြတော့ကြောင်း သိရသည်။ ငါးစာကျွေးဖူးသူများကတော့ အမှတ်တရ ရှိနေကြပါလိမ့်မည်။ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားမှသည် ရှင်ပင်စက္ကိန်းတဲစေတီတော်၊ မူလမြသလွန်စေတီတော်၊ မကွေးမြသလွန်စေတီတော်၊ မင်းဘူးရွှေစက်တော်အထိ ရာဇဝင်တစ်ဆက်တစ်စပ်တည်းရှိနေခဲ့သည့် ဘုရားသမိုင်းများကို အောက်ပါအတိုင်း လေ့လာဖတ်ရှုခဲ့ရပါသည်။



စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်ရှေ့တွင် ဝန်ထမ်းများနှင့် အမှတ်တရ။

## စန္ဒကူးနံ့သာကျောင်းတော်နေရာနှင့် စေတီတော်

ဘုရားရှင်လက်ထက် သုနာပရန္တတိုင်း မုန်းကမ်းပါးဘေးရှိ ဝါဏိဇ္ဇဂါမရွာ (ယခုသစ်တော်ရွာနေရာ)မှ ကုန်သည်သူကြွယ်၏သား မဟာပုဏ္ဏာသည် မဇ္ဈိမတိုင်း သာဝတ္ထိပြည်သို့ရောက်ရှိကာ ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင်အား ဖူးတွေ့ပြီး ရဟန်းပြုခဲ့သည်။ ဘုရားရှင်ထံခွင့်ပန်၍ နေရပ်သို့ပြန်ခဲ့ရာတွင် စတုတ္ထသီတင်းသုံးရာနေရာဖြစ်သော မကုလကာရာမဝိဟာရ နေရာ၌ ဝါဆိုသီတင်းသုံးတရားဓမ္မအားထုတ်ခဲ့ရာ ရဟန္တာဖြစ်တော်မူခဲ့သည်။ ထိုနေရာသည် ယခုကျောင်းတော်ရာ စေတီတော်မြတ်ကြီးနှင့် မဝေးလှသော တောကျောင်းကုန်းအရပ် (ရေသနုပ်ကုန်း)ဟုခေါ်ကြောင်း သိရသည်။ ရဟန္တာ မဟာပုဏ္ဏာ၏ ညီဖြစ်သူ စူဠပုဏ္ဏာသူကြွယ် ဦးဆောင်သော ကုန်သည် ၅၀၀ တို့သည် မလ္လာယုမည်သော မလယကျွန်းမှ စန္ဒကူးနံ့သာသစ်တို့ကို ခုတ်ယူ၍ အပြန်ခရီး၌ လှိုင်းကြီးလေထန်ဖြစ်ပြီး ဘေးဒုက္ခတွေ့နေချိန် မဟာပုဏ္ဏာမထေရ်က ကယ်တင်လိုက်ရသည်။ မဟာပုဏ္ဏာမထေရ်၏ တိုက်တွန်းမှုဖြင့် မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ရကြရန်အတွက် ပါလာသောစန္ဒကူးနံ့သာသစ်တို့ဖြင့် ကျောင်းဆောက်လုပ်ကြသည်။ ဘုရားရှင်ကလည်း နောက်ပါရဟန္တာ ၅၀၀ ဖြင့် ကြွရောက်တော်မူလာပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေထိုင်တော်မူကာ နောင်သောအခါ အရိမဒ္ဒန ပေါက္ကာရာမပြည်ကို အစိုးရသော မင်းလက်ထက် ငါ၏သရက္ခန်ကျောင်းနေရာ၌ စေတီတည်၍ကြီးစွာသောပူဇော်ခြင်းကိုပြုလတ္တံ့ဟုဗျာဒိတ်စကား မိန့်ကြားကာ ပြန်လည်ကြွမြန်းသွားခဲ့သည်။

စန္ဒကူးကျောင်းတော်မှ သစ်များကို လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်း၍ ဖျက်ဆီးယူငင်သုံးစွဲကြသော် သတ္တဝါတို့ အပယ်လားမည်ဖြစ်၍ မဟာပုဏ္ဏာရဟန္တာမထေရ်သည် အဓိဋ္ဌာန်လေးချက်ကို ပြုတော်မူခဲ့သည်။ ယင်းအဓိဋ္ဌာန်အရ စန္ဒကူးနံ့သာကျောင်းတော်ကြီး ကွယ်ပျောက်သွားခြင်း၊ သေလာမယကျောက်စေတီ ပေါ်ပေါက်လာခြင်း၊ ကျောင်းတော်ကြီး မရှိတော့သော်လည်း အကျယ်အဝန်းမှတ်တိုင်လေးချက် ပေါ်ထွက်လာခြင်း၊ ဘုရားရှင်သီတင်းသုံးခဲ့သောနေရာဟူ၍ လူအပေါင်းတို့က မပြတ်ယုံကြည်ဆည်းကပ်ကိုးကွယ်ကြခြင်းတို့ ဖြစ်ပါသည်။ ဘုရားရှင်၏ဗျာဒိတ်တော်လာအတိုင်းပင် သာသနာ

> မကွေးခရီးစဉ်တွင် ဘုရားပျို့ကျေးရွာရှိ မူလမြသလွန်စေတီတော်ကို စတင်ဖူးမြော်ပြီးသကာလ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်၊ မကွေးမြသလွန်တို့ကို ဖူးခွင့်ရခဲ့သည်။ မကွေးမြသလွန်စေတီတော်ကြီးကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဖူးခွင့်ရသည်ကလွဲ၍ ကျန်စေတီများကို ကျွန်တော်မဖူးဖူးသေးပါ။ ဘုရားဖူးခွင့်ရခဲ့သော ခရီးစဉ်ဖြစ်သကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးကြည့်ရှုခွင့်လည်းရခဲ့

သက္ကရာဇ် ၁၆၃၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းသည် တိုင်းခန်းလှည့်လည်ရင်း သေလာမယကျောက်စေတီကို တွေ့ရှိခဲ့သည်။ ကျောက်ဂူအတွင်း၌ ဘုရားရှင်၏ ဗျာဒိတ်တော် ကြေးပုရပိုက်ကိုလည်း တွေ့ရှိကြရ၍ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်တော်မူကာ သေလာမယကျောက်စေတီကို ဌာပနာပြုလျက် စေတီတော်ကြီးအား တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ ထိုစေတီကား ယနေ့ဖူးတွေ့နေရသော ကျောင်းတော်ရာစေတီတော်ကြီး ဖြစ်ပေတော့သတည်း။

## ရှင်ပင်စက္ကိန်းတဲ စေတီတော်

မြတ်စွာဘုရားရှင်သည် ကေလာသဖတောင်ထိပ်တွင် သိကြားမင်း ဆက်ကပ်လှူဒါန်းသော မြသားသလွန်ပေါ်၌ ဖလသမာပတ်ကို ဝင်စားလျက် ကိန်းစက်တော်မူသည်ကတစ်ကြောင်း၊ ဤကေလာသဖတောင်သည် အဝိဇဟိတဗ္ဗဌာနဖြစ်၍ ဘုရားရှင်တို့ မစွန့်ပယ်အပ်သောနေရာဖြစ်ပြီး အဆူဆူသော ဘုရားရှင်တို့ ကြွရောက်ကိန်းစက်တော်မူကြသည်ကတစ်ကြောင်းတို့ဖြင့် စက္ကိန်းတဲတောင်ဟု ခေါ်ဝေါ်ကြကြောင်း သိရသည်။ မြတ်စွာဘုရားရှင် ကိန်းစက်တော်မူခဲ့သည့် တည်းကျောင်းမဏ္ဍပ်ကို ဌာပနာပြု၍ စေတီတည်ခဲ့သောကြောင့် ရှင်ပင်စက္ကိန်းတဲစေတီဟု ခေါ်တွင်ခဲ့ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းလက်ထက် ရှိရင်းစွဲစေတီကိုငုံလျက် ပြုပြင်တည်ထားခဲ့ပြီးနောက် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ အင်းဝဘုရင် ပထမမင်းခေါင်၊ နရပတိစည်သူမင်းတို့ လက်ထက်တွင်လည်း ဆက်လက်ပြုပြင် တည်ထားကိုးကွယ်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ ရှေးမင်းအဆက်ဆက်တို့တွင် စကုမြို့ဝန်က ကြီးကြပ်၍ နှစ်စဉ် တော်သလင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ ကုန်းပွဲ၊ ရေပွဲ၊ ဇာတ်ပွဲများ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ခဲ့သည်ဟု ဆို၏။ သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက် မင်းဘူးမြို့သည် ခရိုင်မြို့ဖြစ်လာပြီး စေတီကုန်းမှာ တပ်စွဲခဲ့ကြသည်။ ဂျပန်ခေတ်တွင်လည်း စစ်ဘေးစစ်ဒဏ်သင့်ခဲ့သေး၏။ ၁၃၂၀ ပြည့်နှစ်တွင်မှ ရွှေဘိုဆရာတော်ဦးမုနိန္ဒက ဦးဆောင်၍ စေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ထားခဲ့ကြောင်း၊ ဂန္ဓကုဋီတိုက်တွင် မုခ်ဦး ရှစ်ပေါက်နှင့် ကမ္ဘာအေးဘုရားပုံတော်ကဲ့သို့ တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

## ဖန်ခါးမြေမှ မူလမြသလွန်စေတီတော်

သက္ကရာဇ် ၁၂၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်သည် နောက်ပါရဟန္တာ ငါးရာနှင့် စန္ဒကူးကျောင်းတော်သို့ ကြွရောက်တော်မူခဲ့ပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ ထိုမှ စက္ကိန်းတဲတောင်ထိပ်သို့ ကြွရောက်သီတင်းသုံးခဲ့သည်။ ထိုနေရာသည်လည်း ရှေးက ဘုရားအဆူဆူ ကြွရောက်တော်မူသည့်နေရာဖြစ်သည့်အားလျော်စွာ ဘုရားရှင်များ ကြွလာတိုင်း သိကြားမင်းသည် ရတနာသလွန်တော်ကို လှူဒါန်းမြဲဖြစ်၍ မြသားအတိပြီးသော သလွန်တော်မြတ်ကို ဆက်ကပ်ပူဇော်ခဲ့သည်။ ရောဝတီမြစ်အရှေ့ဘက် ယူဇနာဝက်မျှဝေးကွာသော တောအုပ်တွင်နေကြသည့် ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ၊ ယက္ခသာဂီ၊ယက္ခဒါလီဘီလူးမောင်နှမခြောက်ယောက်တို့အနက် ညီအစ်ကို လေးယောက်တို့သည် ကြစုဖန်ခါးသီးများဆွတ်ယူပြီး မြတ်စွာဘုရားထံ ဝပ်တွားညွတ်ခ ဘေသဇ္ဇအမှတ်ဖြင့်ကပ်လှူပူဇော်ခဲ့ကြသည်။ ယင်းနောက် လောကတ္တအကျိုးငှာ ကိုးကွယ်ရာကို တောင်းပန်လျှောက်ထားကြရာ ဘုရားရှင်က မြသလွန်တော်အား

စာမျက်နှာ ၁၉ သို့ ❁

❁ စာမျက်နှာ ၁၈ မှ

ပေးအပ်တော်မူခဲ့သည်။ ၎င်းပြင် ငါဘုရား သလွန်တည်ရာ နောင်အခါဝယ် သာသနာပွင့်လင်း၍ ဟောတော်မူရင်းဌာန မာကရဒေသ၌ နာဂရမြို့ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ ဘီလူးညီနောင် လေးယောက်တို့သည် မြသလွန်တော်ကို ထမ်းယူပင့်ဆောင်၍ မိမိတို့နေရင်း တောအုပ်အတွင်း၌ စေတီတစ်ဆူ တည်တော်မူခဲ့သည်။ သလွန်တော်ကို ဌာပနာပြီး တည်ခဲ့သော ယင်းစေတီတော်သည် ယခုမကွေးမြို့အနီး ဘုရားပျိုကျေးရွာတွင် တည်ရှိကာ ဉာဏ်တော်အမြင့် ၃၅ တောင်ဖြင့် မူလမြသလွန်စေတီတော်ဟု ဘွဲ့အမည်နာမ ပေးထားပါသည်။

## မကွေးမြို့က မြသလွန်စေတီတော်

ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ယူဇနာဝက်ခန့်ရှိ တောအုပ်နေရာ၌ ဘီလူးညီနောင် လေးဦးတို့ တည်ထားသော စေတီနေရာသည် မြတ်စွာဘုရား၏ ဗျာဒိတ်တော်နှင့် မညီသောကြောင့် သိကြားမင်းက သလွန်တော်ကို ပြန်လည်ပင့်ဆောင်ခဲ့ပြီး နဂုတ္တမ တောင်ထိပ်တွင် ဌာပနာတိုက်ဖြင့် ခေတ္တထားရှိကာ ထိုမှတစ်ဆင့် ကဿပမြတ်စွာဘုရားရှင်၏ ရွှေသားသလွန်နှင့်အတူ ဖောင်တော်ပေါ်သို့ ပင့်ဆောင်လျက် အကာအရံများ စီမံဆောင်ရွက်တော်မူခဲ့ကြောင်း၊ ဘီလူးညီနောင် လေးဦးထဲမှ လူသားစင်စစ် ဧကန်ဖြစ်လာသူသာ သလွန်တော်ကို ဌာပနာ၍ စေတီတည်ခွင့်ရမည်ဖြစ်ကြောင်း ရှင်ရသေ့တို့ကို လျှောက်ထားခဲ့သည်ဆို၏။ မဟာဂါမအမည်ရ ဇနပုဒ်ရွာကြီးမှ သုဘောဂအမည်ရှိ သူဌေးကြီးသည် နဂုတ္တမတောင်တော်၌ စေတီတည်ထားကိုးကွယ်ခွင့် တည်ထားခဲ့ကြသည်။ ကောဇာသက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသော မြသလွန်စေတီတော်ကြီးအား မကွေးမြို့သူကြီး မင်းထင်မင်းလှကျော်ခေါင်က ဉာဏ်တော် ၆၆ တောင် နှစ်မိုက်အထိ ပြန်လည်တည်ထားကိုးကွယ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက် မကွေးမြို့စား သတိုးမင်းကြီး မဟာမင်းလှသီဟသူ ကြည်ညိုသဒ္ဓါပွားကာ သုဝဏ္ဏစီဝရံ အလျှံကူးသန်း ရွှေသင်္ကန်းတော်ကို ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

## မင်းဘူးက ရွှေစက်တော်

"မင်းဘူးကရွှေစက်တော် ဖူးချင်ပါတယ် မောင်လိုက်ပို့ပါ" ဆိုသည့် သီချင်းထဲကလိုတော့ ရွှေစက်တော်ကို ကျွန်တော်မဖူးခဲ့ရပါ။ ယနေ့အချိန်အထိလည်း ဖူးခွင့်မကြုံသေးပါ။ ရွှေစက်တော်မဆိုထားနှင့် ဧရာဝတီတိုင်းသားလုပ်နေပြီး မော်တင်စွန်းဘုရားကို ယခုထိ မဖူးဖူးသေးသောကြောင့် ရိုးသားကြိုးစား ဧရာဝတီသားဆိုသည့် ဆောင်ပုဒ်ကို ကျွန်တော် ရဲရဲကြီးမအော်ရဲသေးပါ။ မင်းဘူးမြို့ကို ဖြတ်သွားခိုက် ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသော ခန်းမကြီးတစ်ခု၏အမည်မှာ မင်းပူး ဦးဩဘာသခန်းမဟူ၍ ဖြစ်ပါသည်။ မင်းဘူးဟု ရေးမထားကြောင်း သတိပြုမိ၏။

မင်းဘူးမြို့မြောက်ဘက် ၁၀ မိုင်အကွာမှာ စကုမြို့ရှိမည်။ စကုမှ အရှေ့ဘက် ကိုးမိုင်ခန့်အကွာတွင် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက တည်ဆောက်ခဲ့သော အိုင်းမဆည်နှင့် ဆည်တော်ရှင်မနတ်ကွန်းရှိမည်။ ထိုမှ ရှေ့သို့ ခရီးအနည်းငယ်ဆက်လျှင် ရွှေစက်တော်ဘုရားဖူးကားများ အနားယူရာ မန်းချောင်းဆည်တော်စခန်းသို့ ရောက်မည်။



ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ စပါးစိုက်ခင်းများအား ရေတင်စနစ်ဖြင့် အောင်ရေပေးဝေနေပုံ။

ပြုရေး ရသေ့တို့ထံ လျှောက်ထားခဲ့သော်လည်း အခွင့်မရခဲ့ပေ။ ဘီလူးညီနောင်လေးဦးထဲမှ ဘောကျော်နှင့် ဘောသောတို့ လူဖြစ်လာကြပြီး ဘောကျော်သည် သူဌေးကြီးသုဘောဂ၏သမီး ရတနာပုဏ္ဏဝတီနှင့် ဖူးစာဆုံ၍ ထိမ်းမြားစုံဖက်ခွင့်ရခဲ့သည်။ ရှင်ရသေ့တို့၏ ခွင့်ပြုချက်အရ သုဘောဂသူဌေးကြီးနှင့် ဘောကျော်အပါအဝင် သားသမီးဆွေတော်မျိုးတော်တို့သည် နဂုတ္တမတောင်တော်၌ ရွှေသားသလွန်တော်၊ မြသလွန်တော်တို့ကို ဌာပနာပြုလျက် ဉာဏ်တော်အမြင့် ၃၅ တောင်ရှိ စေတီတော်ကို တည်ထားခဲ့ကြကြောင်း သိရှိရပါသည်။

အနော်ရထာမင်းလက်ထက်တွင် မြသလွန်စေတီတော်ကို ပြင်ဆင်ခြင်းငှာမထိုက်ခဲ့ပေ။ သားတော်စောလူးမင်းလက်ထက် ရှင်အရဟံထံမှ ဩဝါဒခံယူကာ မြသလွန်စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၅၅ တောင်ဖြင့်လည်းကောင်း၊ ပန်းရစ်တောင်စေတီတော်၊ ဆုတောင်းပြည့်စေတီတော်၊ ရသေ့ကျောင်းသုံးကျောင်းနှင့် စေတီသုံးဆူ၊ သိမ်တော်ကြီးတစ်ဆောင်၊ သိကြားမင်းနတ်ကွန်း တစ်ဆောင်၊ ပုဏ္ဏဝတီတည်ခဲ့သော လင်လျာမျှော်စေတီနှင့် မကွေးမြို့တည်းဟူသော ရစ်ဌာနကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်း နရီအမြောက်သံပေး၍ ပြုပြင်မွမ်းမံတည်ထားခဲ့သည်။ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့လက်ထက်၌လည်း ထပ်မံပြုပြင်၎င်းနောက် သပြေတန်း၊ ရိုးကြီးစခန်း၊ ကံပေါက်စခန်း၊ လုပ်ဆေးချောင်းစခန်း၊ တည်ပင်ကျောစခန်း၊ ကင်းမိတ်စခန်း၊ သမုန်းချောင်းစခန်း၊ ကျောက်တန်းစခန်း၊ လှေတင်စခန်းနှင့် ဘုရားရွာတို့ကို ဖြတ်ကျော်ပြီးသကာလ ဆည်တော်စခန်းမှ ခုနစ်မိုင်အကွာတွင် ရှိနေသော မြန်မာပြည်၏ အထင်ကရ မန်းရွှေစက်တော်သို့ ရောက်မည်ဆိုသည်ကိုဖြင့် ကျွန်တော် လေ့လာမှတ်သား သိရှိထားပါသည်။

မြတ်စွာဘုရားရှင်သည် ကေလာသဖတောင်တွင် တန့်နားကိန်းစက်သီတင်းသုံးပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်အကြွ နမ္မဒါမြစ် (မန်းချောင်း)အနီးသို့ ရောက်ရှိချိန် နမ္မဒါနဂါးမင်း၏ လျှောက်ထားတောင်းပန်ချက်အရ မြစ်အနောက်ဘက်ကမ်းကျောက်ဖျာပေါ်တွင် ၁၀၈ ဖြာ စက်လက္ခဏာနှင့် ပြည့်စုံတော်မူသော ဝဲဘက်ခြေတော်ရာကို ချထားတော်မူခဲ့ရာ "အောက်စက်တော်ရာ"ဟု ခေါ်တွင်လာခဲ့ကြောင်း၊ တစ်ဖန် သစ္စဗန္ဓကတောင်ထိပ်သို့ ရောက်ရှိတော်မူစဉ် သစ္စဗန္ဓကမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ခြေတော်ရာချခဲ့ရာ "အထက်စက်တော်ရာ" ဟု ဘွဲ့အမည်နာမတွင်ခဲ့ကြောင်း မှတ်သားသိရှိခဲ့ရပါသည်။

## စိတ်ကူးမှသည် လက်တွေ့အကောင်အထည် ဖော်နိုင်ရေးသို့

ပြီးခဲ့သည့် ဩဂုတ်လ ၂၈၊ ၂၉၊ ၃၀ ရက်နေ့ များတွင် ကျွန်တော်မကွေးမြို့သို့ ရောက်ခဲ့သည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ရာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အထွက်တိုးမျိုးစပါး စိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး လာမည့်နှစ် မိုးစပါးရာသီတွင် သမဝါယမအသင်းအဖွဲ့များ၏ မိုးစပါးစိုက်ဧကများအတွက် အထွက်တိုးမျိုးစပါးများ ပံ့ပိုးကူညီပေးရေး ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်။ စိုက်ပျိုးရေးသမဝါယမအသင်းအဖွဲ့များက ယခုနှစ် မိုးစပါးရာသီတွင် ၁၃၆၆၂ ဧက ပါဝင်စိုက်ပျိုးလျက်ရှိသည်။ လာမည့်နှစ် မိုးရာသီတွင် ယခုထက်ပိုမို၍ စိုက်ဧကတိုးချဲ့ပြီး ဆာဖိုးသာ-၁၊ GW-11 နှင့် အခြားအထွက်တိုးစပါးမျိုးများ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။



ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ မျိုးစေ့ကုန်ထုတ်စိုက်ခင်းများရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်စဉ်။

ဩဂုတ်လ ၂၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီးအတွင်းသမဝါယမအသင်းများက မိုးစပါးစိုက်ဧက ၁၀၃၃၀ စိုက်ပျိုးနေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို တင်ပြခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း နှမ်းစိုက်ဧက ၁၀ သိန်းကျော်ရှိကြောင်း၊ ရိတ်သိမ်းပြီးချိန်တွင် တစ်ဧကလျှင် နှမ်းရိုးတစ်တန်ခွဲခန့် ကျန်ခဲ့ကြောင်း၊ ယင်းနှမ်းရိုးများကို တောင်သူများက သဘာဝမြေဩဇာအဖြစ် စနစ်တကျ ထုတ်လုပ်သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးလိုကြောင်း မှာကြားပါသည်။ မှန်ပါသည်။ ကျွန်တော် ဩဂုတ်လ ၃၀ ရက်နေ့က ဆင်ပေါင်ဝဲမြို့နယ်ဘက်သို့ ခရီးဆက်ခဲ့စဉ် လမ်းဘေးဝဲယာစိုက်ခင်းများထဲ၌ နှမ်းရိုးပုံကြီးများကို တွေ့မြင်ခဲ့ရသည်။ ဝန်ကြီးချုပ်၏ လိုလားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးသမဦးစီးမှူးက စီမံချက်ရေးဆွဲဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့သည်။ ယင်းလုပ်ငန်း စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာအုပ်စု ကိုးပင်ရွာမှ "အောင်ကောင်းမြတ်" လယ်ယာကုန်ထုတ်လုပ်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် အသင်းသား ၅၅ ဦး၊ နှမ်းရိုးစဉ်းစက်၊ ဖြတ်စက်များဖြင့် နှမ်းရိုး၊ တင်လဲရည်၊ EM၊ နွားချေး၊ ဖွဲနုပစ္စည်းများအသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ရေနံချောင်းမြို့မှ သဘာဝမြေဩဇာထုတ်လုပ်နေသည့် ပညာရှင်များကလည်း လာရောက်သင်ကြားပြသပေးပါမည်။ အဆင်ပြေစွာ ထုတ်လုပ်သုံးစွဲနိုင်ပါက သမဝါယမအသင်းအနေဖြင့်တောင်သူများ၏စိုက်ခင်းများသို့ အရောက်သွားကာ နှမ်းရိုးအခြေခံသဘာဝ မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## ဘုရားလည်းဖူး၊ မိုးစပါးလည်းစိုက်

မကွေးခရီးစဉ်တွင် ဘုရားပျိုကျေးရွာရှိ မူလမြသလွန်စေတီတော်ကို စတင်ဖူးမြော်ပြီးသကာလ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်၊ မကွေးမြသလွန်တို့ကို ဖူးခွင့်ရခဲ့သည်။ မကွေးမြသလွန်စေတီတော်ကြီးကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဖူးခွင့်ရသည်ကလွဲ၍ ကျန်စေတီများကို ကျွန်တော်မဖူးဖူးသေးပါ။ ဘုရားဖူးခွင့်ရခဲ့သော ခရီးစဉ်ဖြစ်သကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးကြည့်ရှုခွင့်လည်း ရခဲ့ပါသည်။ မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ပံ့ပိုးငွေကျပ် သိန်း ၁၀၀ ဖြင့် သဖန်းဆိပ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ရောပဒေသာ စပါးမျိုး ၄၉ ဧက စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာရှိ မိုးစပါးစိုက်ခင်းများ အောင်ရေရှိရေးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာရှိ အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်သမဝါယမအသင်း၏ နွားမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းကျေးရွာတွင် ဆောင်ရွက်ပေးထားသည့် ၁၃၇ ကီလိုဝပ် ဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးကာ ရာသီအလိုက် သီးနှံစိုက်ဧကများ စွမ်းအားပြည့်စိုက်ပျိုးရေး မှာကြားခဲ့ပါသည်။ ၎င်းအပြင် မြို့သစ်မြို့နယ်အတွင်းမှ ဆူးတပ်ကြီးကျေးရွာအုပ်စုအတွင်း စိုက်ဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေး သမဝါယမအသင်းများဖွဲ့စည်း၍ လာမည့်နွေစပါး၊ မိုးစပါးရာသီအတွက် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေးတောင်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## အတွေးများနှင့် မကွေးမြို့က ပြန်ခဲ့သည်

စန္ဒကူးနံ့သာကျောင်းတော်ရာစေတီကို ဖူးရင်း မင်းဘူးရွှေစက်တော်အထိ အာရုံပြုလျက် ဘုရားသမိုင်းများနှင့်အတူ အတွေးများစွာ ရက်ယှယ်သွားခဲ့သည်။ ထိုမှတစ်ဖန် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သော မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံစိုက်ပျိုးရေးကို သမဝါယမအသင်းအဖွဲ့များက ပါဝင်ဆောင်ရွက်ကြရန်၊ ဆန်စပါးစိုက်ပျိုးရေးတွင်လည်း အထွက်တိုးမျိုးများ အသုံးပြုလျက် ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲကြရန်၊ စိုက်ပျိုးရေရရှိကြစေရန်၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးနိုင်ရန်၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် ... စသည် ... စသည်ဖြင့် အတွေးပေါင်းများစွာကလည်း ပါလာခဲ့ချေပြီတမုံ့။ ။

## ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**ရွှေဘို အောက်တိုဘာ ၁၆**

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ အောက်တိုဘာလ(ဒုတိယပတ်)တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ အောက်တိုဘာလ(ပထမပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၃၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၈၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ စုစုပေါင်း အိတ်ရေ ၅၂၆၀၀၊ တန်အားဖြင့် ၂၆၃၀ စီးထွက်ခဲ့ပြီး ယခုပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၆၃၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ စုစုပေါင်းအိတ်ရေ ၄၄၃၀၀၊ တန်အားဖြင့် ၂၂၁၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်အတွင်း အိတ်ရေ ၈၃၀၀၊ တန်အားဖြင့် ၄၁၅ တန် လျော့၍ စီးထွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ (ဒုတိယပတ်)တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



## မော်လမြိုင်ရှိ ကွမ်းသီးဈေးနှုန်းအခြေအနေ

**မော်လမြိုင် အောက်တိုဘာ ၁၆**

မွန်ပြည်နယ်၌ ၂၀၂၂ ခုနှစ်တွင် ကွမ်းသီးစိုက်ဧက ၅၆၂၆၁ ဧက အနက် ရိတ်သိမ်းဧက ၅၁၄၂၅ ဧကရှိပြီး တစ်ဧကအထွက်နှုန်း ၁၀၅၅ ဒသမ ၁၄ ပိဿာဖြင့် စုစုပေါင်းအထွက်နှုန်း ၅၄၂၆၀၇၀၉ ပိဿာရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကွမ်းသီးကို မွန်ပြည်နယ်ရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ လမိုင်း၊ ခေါဇာ စသည့်မြို့နယ်တို့၌ စိုက်ပျိုးကြသည့်အနက် ဘီးလင်းမြို့၊ မော်လမြိုင်၊ သံဖြူဇရပ်မြို့၊ ရေးမြို့၊ လမိုင်းမြို့နယ်၊ ခေါဇာမြို့နယ်တို့တွင် ကွမ်းသီးစိုက်ပျိုးဧက အများဆုံးနှင့် အထွက်အများဆုံးမြို့နယ်များဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်အောက်တိုဘာလအတွင်း ဖြစ်ပေါ်နေသော ကွမ်းသီး ဈေးနှုန်းအနေဖြင့် ရေပေါင်းခြမ်း တစ်ပိဿာလျှင် ကျပ် ၄၉၀၀၊ ရေပေါင်းခြမ်း (၈၈ ရာခိုင်နှုန်း အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၉၀၀၊ ရေပေါင်းခြမ်း (၉၉ ရာခိုင်နှုန်း အခြောက်)တစ်ပိဿာလျှင် ကျပ် ၆၉၀၀၊ အစာသန့် (ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၉၀၀၊ ရှယ်ဝိုင်းခြောက် (သန့်) တစ်ပိဿာလျှင် ကျပ် ၇၁၀၀၊ ရှယ်ဝိုင်းခြောက် (အလယ်သား) တစ်ပိဿာလျှင် ကျပ် ၈၆၀၀၊ မော်လမြိုင်အညိုသီး (အရော) တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ မော်လမြိုင်အညိုသီး (သန့်) တစ်ပိဿာလျှင် ကျပ် ၃၆၀၀ ဖြစ်ကြောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့မှထွက်ရှိသော ကွမ်းသီးခြောက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**စစ်တွေ အောက်တိုဘာ ၁၆**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၃၀၇ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာနှုန်းဖြင့် ၈၇ တန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၃၄ တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၇၁ ဒသမ ၇၆ တန်၊ ငါးမြစ်ချင်း(၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၇၀ ဒသမ ၂၇၂ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၄၄ ဒသမ ၈၈ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀ နှုန်းဖြင့် ၁၅ ဒသမ ၅၀၄ တန်၊ ငါးသိုင်းခေါင်းပွ ရှစ်ကီလိုအထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၁၁ ဒသမ ၇၆ တန်နှင့် ဆီးယိုထုပ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၅၀ နှုန်းဖြင့် ၉၄ တန်တို့ကို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအနေဖြင့် T-Shirt ထည် ၂၅၀၀ တင်သွင်းနိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် အမေရိကန် တစ်ဒေါ်လာလျှင် ၁၁၇ ဒသမ ၂၀ တာကာနှင့် တစ်တာကာလျှင် ၂၈ ဒသမ ၃၀ ကျပ်ဖြစ်ကြောင်း သိရသည်။

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် အောက်တိုဘာ ၁၆**

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း ပို့ကုန်တင်ပို့မှု ငါးကြိုတ်သား တစ်တန်လျှင် ၁၈၅၅ ဒေါ်လာနှုန်းဖြင့် ၁၄ ဒသမ ၄ တန်အား အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုး ခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၉၉၉ ဒေါ်လာနှုန်းဖြင့် ၁၄၀၂ တန် တင်သွင်းခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ငွေကျပ် ၃၀၀၀ နှင့် ဒီဇယ် တစ်လီတာ ၃၀၄၅ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဒေသငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ်ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ကျပ် ၉၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း



## မင်းဘူးခရိုင်၌ ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးပြီးစီး

**မကွေး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးရာသီကာလ၌ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများအပြင် ချည်မျှင်ရှည်ဝါသီးနှံများကို တစ်ဧကလျှင် ပိဿာ ၇၀၀ နှုန်းထွက်ရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း၍ သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးနည်းစနစ်များကို ပညာပေး ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် မင်းဘူး(စကု)မြို့နယ်တွင် စိုက်ဧက ၁၈၇၉ ဧက၊ ပွင့်ဖြူမြို့နယ်တွင် စိုက်ဧက ၁၂၄၈ ဧက၊ ငဖဲမြို့နယ်တွင် စိုက်ဧက ၉၀၀၊ စလင်းမြို့နယ်တွင် စိုက်ဧက ၁၂၅၁၅ ဧက၊ စေတုတ္တရာမြို့နယ်တွင် စိုက်ဧက ၅၀ စုစုပေါင်း စိုက်ဧက ၁၆၅၉၂ ဧကအား စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

### ၁၆- ၁၀- ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၈၀၀ | | ၁၆၀၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၃၅၀ | | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၅၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၅ | လွိုင်ကော် | ၃၇၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၇၀၀၀ | ၅၁၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၉၅၀၀ | ၈၀၀၀ | | ၆၅၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၆၀၀ | ၉၆၀၀ | ၉၀၀၀ | ၅၈၀၀ | ၉၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀ | ၇၂၀၀ | ၈၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၁၅၀၀၀ | ၄၈၅၀ | ၁၆၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၂၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၅၈၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၉၈၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၈၀၀ | | ၁၅၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၀၅၀၀ | ၂၂၀၀၀ | ၃၃၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၄၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ကလေးတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပြည်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် မုံရွာတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် တောင်ကြီးနှင့် မုံရွာတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ၁၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် မန္တလေးတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၄၅၀၀ကျပ်၊ ထားဝယ်နှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ တောင်ကြီး၊ ဘားအံ၊ စစ်တွေနှင့် ပြည်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ၁၀၀၀ကျပ်၊ (ကြူကုတ်) တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ နနွင်းတက် မကွေးတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၅၀၀ကျပ်၊ ကျိုင်းတုံနှင့် မကွေးတွင် ၅၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မကွေးတွင် ၉၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မကွေးတွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်နှင့် မုံရွာတွင် ၂၀၀ကျပ်၊ စစ်တွေနှင့် မကွေးတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးနှင့် ကလေးတွင် ၁၀၀၀ကျပ်၊ ပြည်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပြည်တွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပြည်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် လူငယ်မောင်မယ်များနှင့် အနုပညာချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲကျင်းပပြီးစီးခဲ့မှုနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့မှုများကို Video Clip ဖြင့်ပြသပြီး ပြိုင်ပွဲဝင်များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲ ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ရှေးရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ထားဝယ် အောက်တိုဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သပိတ်မျှောပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိပြီး သပိတ်မျှောပွဲသို့ လာရောက်သူများအား တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲအက၊ ရွှေဝယ်သူများရေအိုးရွက်ယိမ်းအက၊ အိုးစည်အက၊ သမိုင်းအလှ တနင်္သာရီအက၊ ရွှေဝယ်သူများ ရေခပ်သွားအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများအပြင် မီးပုံးပျံအငယ်များ လွှတ်တင်ပါရှိမည်ဖြစ်ကြောင်း သိရသည်။

**နှစ်စဉ်ကျင်းပ**

သပိတ်မျှောပွဲတော်သည် အရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ ထားဝယ်ရိုးရာ မြေသပိတ်ထဲတွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ပိုအမျိုးမျိုး စသည့် လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများစိုက်ထူ၍ ဆီမီးများထွန်းညှိကာ သပိတ်မျှောခြင်းဖြစ်ပြီး ရာသီဥတုမိုးလေဝသကောင်းမွန်စေရန်၊ ဆန်ရေစပါးစီးပွားဥစ္စာ ပေါများတိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသော ဘေးဘယာဂကြမ္မာအပေါင်း ကင်းဝေးလွတ်မြောက်စေရန် ဆုတောင်းပတ္ထနာပြုသည့် ရည်ရွယ်ချက်ဖြင့် ထားဝယ်မြို့တွင် ရှေးအစဉ်အဆက်ကတည်းက နှစ်စဉ်ကျင်းပလေ့ရှိသည်။

ထားဝယ်မြို့သူမြို့သားများသည် သီတင်းကျွတ်လပြည့်နေ့မတိုင်ခင် တစ်ရက်အလိုတွင် ပြင်ဆင်အလှူခံထားသည့် သပိတ်အိုးကြီးများဖြင့် မြို့တွင်းလှည့်လည်အလှူခံထွက်လေ့ရှိပြီး အလှူခံထွက်စဉ် အိုးစည်ဒိုးပတ် တေးသရုပ်ဖော် အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။ ညလုံးပေါက်အလှူခံပြီး နံနက်မိုးသောက်သောအခါ အသင့်ယူဆောင်လာသော သပိတ်အိုးလေးများကို မီးပွင့်လေးများနှင့်အတူ သတ်မှတ်ထားသောနေရာတွင် ထားဝယ်မြစ်ချောင်းအတွင်းသို့ ရေမျှောကုသိုလ်ယူကြသည်။

သပိတ်မျှောမည့်သူများအနေဖြင့်လည်း သပိတ်များကို ကိုယ်စီကိုင်ကာ တိုးဝှေ့သွားရန်မလိုဘဲ စည်းကမ်းရှိရှိသွားလာနိုင်ပြီး ဝါးရာဇမတ်ကာထားသည့် ဝက်ပါပတ်လမ်းကတစ်ဆင့် မြစ်ကမ်းနဘေးတွင် ညလုံးပေါက် စနစ်တကျ သပိတ်မျှောကြမည်ဖြစ်သည်။ ရပ်ကွက်များတွင်လည်း မိမိအစီအစဉ်များဖြင့် သပိတ်မျှောကုသိုလ်ယူကြမည်ဖြစ်ကြောင်း သိရသည်။

ငွေဖင်ယော်(ထားဝယ်)



# ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ပွဲ ကျင်းပ

ပုသိမ် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပုသိမ်မြို့ရှိ နောင်ရိုးဟိုတယ်၌ ပြုလုပ်သည်။

ဦးစွာ ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင်များက အပြန်အလှန်မိတ်ဆက်ကြသည်။ ဆက်လက်၍ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့များအား တာဝန်ပေးခန့်အပ်လွှာများကို ပေးအပ်ရာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခဲ့ပြီး တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဦးစီးနာယက ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

တင်ဝင်းတင်

# ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲ ဖိတ်ခေါ် Top Ten ဝင် ဇာတ်လမ်းတိုရုပ်ရှင်ကားများကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့ ပေးပို့ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၂၃ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲတွင် ဇာတ်လမ်းတိုရုပ်ရှင်ကားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖိတ်ခေါ်ထားပြီး Top Ten ဝင် ဇာတ်လမ်းတိုရုပ်ရှင်ကားများကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့ ပေးပို့ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် မျိုးဆက်သစ် ရုပ်ရှင်ဖန်တီးထုတ်လုပ်သူများအား အားပေးမြှင့်တင်ရန်၊ ရုပ်ရှင်အပေါ် စိတ်ဝင်စားမှုနှင့် တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ "မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲ ၂၀၂၃"ကို ကျင်းပပေးခြင်းဖြစ်သည်။ ပြိုင်ပွဲခေါင်းစဉ်မှာ "မြန်မာ့ရိုးရာဓလေ့"ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့ဘဝပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည့် မြန်မာ့ရိုးရာဓလေ့ကို မီးမောင်းထိုးတင်ပြမှုဖြင့် ရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ဇာတ်လမ်းတိုများကို ကြားမြင့်ချိန်ပေါ်မူတည်၍ အမျိုးအစားနှစ်မျိုးသတ်မှတ်ပြီး ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ဆုအမျိုးအစားတွင် "မြန်မာ့ရိုးရာဓလေ့"ခေါင်းစဉ်ဖြင့် ၅ မိနစ်အောက် ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲ၌ Jury Award ဆု၊ Audience Award ဆုနှင့် Chairman's Choice ဆုတို့ကိုလည်းကောင်း၊ ၅ မိနစ်မှ ၂၅ မိနစ်အတွင်း ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲ၌ Jury Award ပထမ၊ ဒုတိယ၊ တတိယဆု၊ Audience Award ဆုနှင့် Chairman's Choice ဆုတို့ကိုလည်းကောင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲတွင် ရုပ်/သံ အရည်အသွေးစံသတ်မှတ်ရာ၌ Full HD; H-264 MP4,Stero 2CH ဖြင့်လည်းကောင်း၊ အသက်ကန့်သတ်ချက်တွင် ဇာတ်လမ်းတို ဖန်တီးရိုက်ကူးသူ ထုတ်လုပ်သူ/ဒါရိုက်တာမှာ အသက်(၂၀)မှ (၄၀)အတွင်း လည်းကောင်း၊ ဇာတ်လမ်းတိုများတွင် အသုံးပြုထားသော နောက်ခံတေးဂီတသီချင်းများသည် Copy right ငြိစွန်းမှုမရှိခြင်းဖြင့်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန် လျှောက်ထားတင်သွင်းထားသော ရုပ်ရှင်ဇာတ်လမ်းတိုများကို ပြန်လည်ရုပ်သိမ်းခွင့်မရှိခြင်းဖြင့်လည်းကောင်း အရည်အသွေးသတ်မှတ်ထားသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းတိုပြိုင်ပွဲ ၂၀၂၃ တွင် ဆုကြေးများကို ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်ပြီး Top Ten ဝင်သည့် ဇာတ်လမ်းတို ၁၀ ကားကို ဖန်တီးသူတို့အား အသိအမှတ်ပြုဂုဏ်ပြုလွှာများ ချီးမြှင့်ပေးသွားမည့်အပြင် ဆုရဇာတ်လမ်းတိုများနှင့် Top Ten ဝင် ဇာတ်လမ်းတိုများကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့ ပေးပို့ပြသသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့်သူများအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ပြိုင်ပွဲဝင်လျှောက်လွှာကို ရယူဖြည့်စွက်၍ လျှောက်လွှာနှင့်အတူ ပြိုင်ပွဲဝင်လက်ရာ ဇာတ်လမ်းတိုများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ အမှတ်(၁၆) ဝက်ပါလမ်း ဗဟန်းမြို့နယ်သို့ လိပ်မူ၍ Memory Stick ပေးပို့ခြင်း(သို့မဟုတ်) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး Email-mmpo.myanmar@gmail.com သို့ Drive Link ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **ညီမိုးသူ(သတင်းစဉ်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**




## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာလေးမြေနီကုန်းရပ်၊ မေတ္တာလမ်း၊ ဦးပိုင်အမှတ်(၁၁၄)၊ အကွက်အမှတ်(၁၅) ဟု ခေါ်တွင်သည့် အလျား(၆၇)ပေ၊ အနံ(၂၈)ပေရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား မကွေးမြို့၊ ရွာလေးမြေနီကုန်းရပ်၊ မေတ္တာလမ်းတွင် နေထိုင်သော ဒေါ်ခင်နှင်းဝေ[၈/မကန(နိုင်)၁၄၉၇၁၈]၊ ဒေါ်ခင်နှင်းဆွေ [၈/မကန(နိုင်) ၀၀၆၅၀၄]၊ ဒေါ်ခင်နှင်းရွှေ [၈/မကန(နိုင်)၀၀၆၅၄၉]တို့မှ မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသဖြင့် အဆိုပါ မြေကွက်အပါအဝင် မြေကွက်၏အကျိုးခံစားခွင့်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူ ရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ နတ်မောက်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် နေထိုင်သော ဦးအောင်စိုးမင်း [၉/မပန(နိုင်)၀၇၈၄၅၃]၊ ဒေါ်အေးမြတ်မွန် [၈/နမန(နိုင်)၁၂၂၁၆၆]တို့မှ မြေကွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာသည့် ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသုကိုကို(LL.B) အထက်တန်းရှေ့နေ (စဉ်–၅၄၉၃၁)**
**သစ်ဆိမ့်ကိုင်းရွာ၊ သစ်ဆိမ့်ကိုင်းအုပ်စု၊ ကြံခင်းမြို့နယ်။ ဖုန်း–၄၂၃၆၇၅၄၉၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သူ[၁၂/ဒလန(နိုင်)၀၄၄၉၁၀](C.D.C–76683) ၏ RESULTS SHEET ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–760765544**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေး(တောင်)၊ လူနေရပ်ကွက်အမှတ်– သွပ်ဝိုင်းကြီး၊ သံသုမာလမ်း၊ မြေကွက်အမှတ်–၂၃၈/က၊ ၂၃၈/ခ၊ တိုက်အမှတ်–၂၃၈–က+ခ၊ (၂)ခန်းတွဲ (၈ ၁/၂ )တိုက်မှ စတုတ္ထထပ် (၅–လွှာ) (တိုက်မျက်နှာမူ–ညာဘက်ခန်း)၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျင်အောင် [၁၂/လသန(ဧည့်)၀၀၀၉၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည်ဖြိုးကျော် [၁၂/ဥကတ(နိုင်)၁၆၄၅၅၃]နှင့် ဒေါ်ဌေးဌေးစိုး [၁၂/ပဇတ(နိုင်)၀၂၉၂၈၆]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပြည်ဖြိုးကျော် နှင့် ဒေါ်ဌေးဌေးစိုး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သူဇာအောင် ( LL.B, D.I.L,D.B.L, Dip in HR ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၉၅၀)**
**အမှတ်–၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၆၉၂၂၂၀၁၀၀၊ ၀၉–၉၄၆၉၄၆၃၂၆**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ်(၆၈၁–၈)၊ ဦးပိုင်အမှတ်(N–၃၆)၊ အနန္ဒမေတ္တာလမ်း၊ အကွက်အမှတ် (က–၁)၊ မြေအကျယ် (၈၇ x ၄၆) ပေအကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူအမှတ်(၅၃)၊ ရွှေဘုံသာလမ်း၊ (၉)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့နေ ဒေါ်တင့်တင့်ဆန်း [၆/ကသန(နိုင်) ၀၃၅၂၄၆]ထံမှ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့နေ ဦးသိန်းနိုင်ဦး [၅/စကန(နိုင်)၁၀၉၇၉၂]က (၁၄–၁၀–၂၀၂၃)ရက်နေ့တွင် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အလို့ငှာ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းနိုင်ဦးမှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် နေ့ရက်မှစ၍ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့် အထောက်အထားခိုင်လုံစွာ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အထက်ပါ မြေ၏ အရောင်းအဝယ်ကိစ္စ အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၆၃)**
**အမှတ်(၄၀–က)၊ စီလမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း–၀၉–၂၀၄၆၁၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈–ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၇၇၆)ဟုခေါ်တွင်သောမြေတိုင်း ရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၂/၃၁) ပေါ်တွင်ဆောက်လုပ်ထားသော ၁၂ခန်းတွဲ (၆)ထပ်တိုက်၏ ခြေရင်းဘက်အခြမ်း မြေညီထပ်တိုက်ခန်းနှင့်ယင်းတိုက်ခန်းအတွင်းရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၇–၁၁–၂၀၁၄)ရက်နေ့တွင်ပြုလုပ်ချုပ်ဆိုသည့် " နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ် " ဖြင့် ဒေါ်ဥက္ကာဇင် [၉/ပဥလ(နိုင်)၀၂၁၀၅၄] မှ လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်းအတွင်းရှိရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇–ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက် စာတမ်း၊ အထောက်အထား ခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးရီ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၄၃၇၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

❂ **စပိန်အသင်းမှ**

လက်ရှိအချိန်မှာ စပိန်အသင်းနဲ့ စကော့တလန်အသင်းတို့ဟာ ပေါ်တူဂီအသင်း၊ ပြင်သစ်အသင်း၊ ဘယ်လ်ဂျီယံအသင်း၊ တူကီယဲအသင်းနဲ့ အိမ်ရှင်ဂျာမနီအသင်းတို့နဲ့အတူ ယူရို ၂၀၂၄ ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

အောက်တိုဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်တွေမှာတော့ ဝေးလ်အသင်းက ခရိုအေးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ဂျော်ဂျီယာအသင်းက ဆိုက်ပရက်အသင်းကို လေးဂိုး– ဂိုးမရှိ ချက်အသင်းက ဖာရိုးကျွန်းစုအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ တူကီယဲအသင်းက လက်ဗီးယားအသင်းကို လေးဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ဆွစ်ဇာလန်အသင်းနဲ့ ဘီလာရုစ်အသင်းတို့ပွဲစဉ်မှာ သုံးဂိုးစီသရေ၊ ပိုလန်အသင်းနဲ့ မော်လ်ဒိုဗာအသင်းတို့ပွဲစဉ်မှာ တစ်ဂိုးစီ သရေရလဒ် အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ငွေကြယ်

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အနုညာတခုံသမာဓိ (Arbitrator) သင်တန်းအပတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

အနုညာတခုံသမာဓိ (Arbitrator) သင်တန်းအပတ်စဉ် (၅) သင်တန်းဆင်းပွဲကို သမိုင်းဝင် အဆောက်အအုံဖြစ်သည့် အတွင်းဝန်များရုံး၌ အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသည်။

စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပါအတိုင်း သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးနှင့် သမာသမတ်ရှိသော ခုံသမာဓိ (Arbitrator) များ ပေါ်ထွက်လာစေရန် မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန – Myanmar Arbitration Centre (MAC) က သင်တန်းများဖွင့်လှစ် ပို့ချလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ ပေါ်ပေါက်လာပြီးနောက် အခက်အခဲများကျော်လွှားနိုင်ရန် ကုန်သည်/စက်မှုအသင်းချုပ်က Myanmar Arbitration Centre ကို ၂၀၁၉ ခုနှစ်၌ ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။ ယခုအခါ စီးပွားရေးလုပ်ငန်းများအချင်းချင်း စာချုပ်များချုပ်ဆိုရာတွင် အငြင်းပွားမှု (Dispute) ပြဿနာများ ပေါ်ပေါက်လာပါက Myanmar Arbitration Centre တွင် ဖြေရှင်းဆောင်ရွက်ရန်ဆိုသည့်အချက်ကို ထည့်သွင်းချုပ်ဆိုနိုင်ပြီ ဖြစ်သည်။

သင်တန်းဆင်းပွဲတွင် Myanmar Arbitration Centre ၏ ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းအပတ်စဉ်အားလုံးမှ သင်တန်းဆင်း Arbitrator များနှင့်အတူ မိတ်ဆုံညစာစားပွဲ ကျင်းပသည်။



သင်တန်းဆင်းပွဲသို့ မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန၏ ဒုတိယဥက္ကဋ္ဌ ဦးစိုးဘဉာဏ်၊ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဒေဝ၊ ဒါရိုက်တာအဖွဲ့ဝင်/ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

Myanmar Arbitration Centre ကို ကုန်သည်/စက်မှုအသင်းချုပ် Office Tower ၏ ရှစ်လွှာတွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

## တရုတ်နိုင်ငံတွင် ကျင်းပမည့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ထွက်ခွာ




**ရန်ကုန် အောက်တိုဘာ ၁၆**

(၄)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

မြန်မာမသန်စွမ်း အားကစားအဖွဲ့ကို အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အတူ အတွင်းရေးမှူး၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမားများ လိုက်ပါသွားကြသည်။

(၄)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူးနှင့် ထိုင်လျက်ဘော်လီဘော အားကစားနည်း သုံးနည်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၆-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၈၈၁။ | ဗိုလ်မှူးကြီးစောချစ်သူ (ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေး၊ ကွပ်ကဲရေးအထွေထွေအတွင်းရေးမှူး) မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၆၈၈၂။ | ဦးဝင်းနောင်(တိုင်းပညာရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး)မိသားစုကောင်းမှု | ၁၀၅၀၀၀၀ |
| ၆၈၈၃။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမောင်ကျော်နှင့်ဇနီး ဒေါ်ဝိုင်း(ကျော်ရတနာစတိုး)၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၈၈၄။ | ဦးနိုင်တင်လှိုင်နှင့်ဇနီး ဒေါ်မိကွန်ချစ်ချစ် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၈၈၅။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၈၈၆။ | ဦးဟန်ဝင်းအောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၈၈၇။ | ဦးလှိုင်းဆယ်နှင့်ဇနီး ဒေါ်နယ်မာန်ဟိန်းနှင့် ဦးတိုးမောင်တို့အားရည်စူး၍ ဒေါ်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၈၈၈။ | ကွယ်လွန်သူ ဒုတိယရဲအုပ်သိဂီလှိုင်နှင့် ရဲတပ်ကြပ်ကြီးမြင့်မြင့်စိုးတို့အားရည်းစူး၍ သင်တန်းသူ ညီမများကောင်းမှု | ၂၀၀၀၀၀ |
| ၆၈၈၉။ | နည်းပညာတက္ကသိုလ်(တောင်ငူ)၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဆရာ/ဆရာမများနှင့် ပထမနှစ်၊ ဒုတိယနှစ်ကျောင်းသား/ကျောင်းသူများကောင်းမှု | ၂၀၀၀၀၀ |
| ၆၈၉၀။ | မိခင်ကြီး ဒေါ်တင်တင်အုန်း၊ ကိုအောင်အောင်ဦးနှင့်ဇနီး မခင်မိုးသူ၊ (သား) မောင်သက်ထူးဇော်၊ (သမီး) မခိုင်ဇင်သန့်၊ (မြေးလေး) မောင်ဘုန်းသုတမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၈၉၁။ | ဦးမြင့်သိန်း(ရွှေနေ)နှင့်ဇနီး ဒေါ်ခင်မေဦး မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၈၉၂။ | ဖခင်ကြီး ဦးဇော်ဝင်းအားရည်စူး၍ မိခင်ကြီး ဒေါ်အေးအေးမြင့်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၃၀၀၀၀ |
| ၆၈၉၃။ | ဗိုလ်ချုပ်စစ်နိုင်နှင့်ဇနီး ဒေါ်ယဉ်နွဲ့ဟန် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၈၉၄။ | ဦးဇော်ဇော်နောင်နှင့်ဇနီး ဒေါ်မိုးဝါမြင့် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၈၉၅။ | ဦးခင်မောင်လတ်နှင့်ဇနီး ဒေါ်ရှိစီ၊ (သား) ကိုရဲဇာနည်အောင်၊ ကိုဝဏ္ဏထွန်းနှင့်ဇနီး ဒေါ်သင်းသင်းလတ်၊ (မြေးများ) မောင်လွင်ပိုင်ထွန်း၊ မောင်ဝေမိုးအောင် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၈၉၆။ | ဦးတင်လှနှင့်ဇနီး ဒေါ်ခင်မြင့် အားရည်စူး၍ (သမီး) မတင်တင်ရီ၊ (သား) မောင်စိုးမြင့်၊ မောင်လှမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၈၉၇။ | မိဘဘိုးဘွားအမျှထား၍ ဦးဖေလိန်းမောင်နှင့်ဇနီး ဒေါ်ကီးထုံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၉၈။ | ဦးရဲမွန်မောင်နှင့်ဇနီး ဒေါ်သန်းသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၉၉။ | ဒေါ်စန်းစန်းအုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၀။ | ကိုသုတဆန်းနှင့်ဇနီး မရွှေရည်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၁။ | KMPI Consortium Co.,Ltd. မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၂။ | ဦးထက်ဦးလွင်နှင့်ဇနီး မအေးသီစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၃။ | ဦးဘိုရည်နှင့်ဇနီး ဒေါ်ခင်မြင့်၊ (သမီး) မတိုးနွယ်ရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၄။ | ဖခင်ကြီး ဦးခင်သန်းနှင့် မိခင်ကြီး ဒေါ်စန်းစန်းတို့အား ရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၅။ | အဘိုးအဘွားများအားရည်စူး၍ မိဘနှစ်ပါးနှင့်အတူ မစိမ်းလဲ့ချို၊ မဆုဆုစံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၆။ | ဦးတင်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၇။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ (သမီး) ဒေါ်ကြည်ကြည်အေးကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၈။ | ဦးရဲရင့်ကို အားရည်စူး၍ ဦးမြသန်းကိုနှင့်ဇနီး ဒေါ်ယဉ်ယဉ်မေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၀၉။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်မြညွန့်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၀။ | ဦးခင်မောင်ရင်နှင့်ဇနီး ဒေါ်ကေသီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၁။ | ကွယ်လွန်သူဖခင်ကြီး ဦးသန်းရွှေအားရည်စူး၍ ဦးစောဆန်းဦးနှင့်ဇနီး ဒေါ်အေးအေးနီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၂။ | မောင်ကောင်းထက်စံ (၂၂)နှစ်ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၆၉၁၃။ | ကွယ်လွန်သူ ဦးမြင့်ဟန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၄။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်သီသီ၊ (သမီး) မဠူသန်းဝင်း၊ (သား) မောင်ဘုန်းမြတ်ဇေယျာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၅။ | ဦးမြင့်ကြိုင်နှင့်ဇနီး ဒေါ်ခင်လှကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၆။ | ဦးပိုက်ထွေးနှင့်ဇနီး ဒေါ်ခင်မျိုးဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၇။ | ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်ကြည်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၈။ | နှစ်ဖက်သောမိဘများအားအမျှထား၍ ဦးထွန်းဇော်နှင့်ဇနီး ဒေါ်မြတ်သူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၁၉။ | ဦးအောင်သောင်းဝင်းနှင့်ဇနီး ဒေါ်ခင်စန်းဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၀။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်ခင်ဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၁။ | ကိုစည်သူအောင်နှင့်ဇနီး မထက်ထက်ဝင်းဝါ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၂။ | ဦးရွှေပုနှင့်ဇနီး ဒေါ်မြင့်မြင့်ဌေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၃။ | တပ်ကြပ်ကြီးခင်ထွေးနှင့်ဇနီး ဒေါ်လှဲ့လှဲ့နိုင်၊ (သမီး) မဇင်မီစိုးလင်း၊ (သား) မောင်ထက်ပိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၄။ | ကွယ်လွန်သူ ဒေါ်သန်းသန်းအေးအားရည်စူး၍ ဦးအောင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၅။ | ဖခင် ဦးဝင်းအောင်အားရည်စူး၍ (သမီး)မအေးသီစံကောင်းမှု | ၅၀၀၀၀ |
| ၆၉၂၆။ | ဦးခွန်သန်းမြင့်နှင့်ဇနီး ဒေါ်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင် [၇/ထတပ(နိုင်)၀၉၂၀၇၅]၏ PSCRB ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

Ph:09-777783544

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ပြည့်ဖြိုးလင်း [၁/မညန(နိုင်)၁၅၉၆၂၅]၏ ပတ်စ်ပို့နံပါတ် (MB-261302) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၇၅၂၅၀၅

### အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အနောက်လယ်ကုန်း၊ နယ်မြေ(၁၄)၊ ရပ်ကွက်(၁)နေ (ဘ)ဦးရန်အောင် [၅/ခဥန(နိုင်)၁၅၂၉၀၈]၏သား မောင်ဟိန်းထက်မြတ်အောင်အား မောင်အောင်ဇေယျာဦးဟု ပြောင်းလဲခေါ်ပါရန်။

### မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အောင်မြေ-၁၊ ရပ်ကွက်(၃)၊ အမှတ်(၃/၇၀)နေ မကျန်းရှန်လီ၊ မကျန်းရှန်ရှင်းနှင့် မကျန်းရှောင်ရှိတို့၏ မိဘအမည်မှန်မှာ KYAN KYI LYAN နှင့် WU BEE PAIN ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ဦးချစ်ဖြိုးဟိန်း[၁၂/အစန(နိုင်)၂၁၉၀၂၄]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် No-A 251320 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-779250526

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် ဦးထွန်းထွန်း [၁၀/မလမ(နိုင်)၁၅၇၄၀၇]၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ သိပ္ပံဘွဲ့(သတ္တဗေဒ)မူရင်း၊ PGDL ယာယီဘွဲ့လက်မှတ်မူရင်းတို့တွင် ဖခင်အမည်ကို ဦးမောင်ကျော်ဟု ဖော်ပြထားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းတို့တွင် ဖခင်အမည်ကို ဦးမောင်ကျော်(ခ)အဂျနားဟုဖော်ပြထား၍ဖခင်အမည်နှစ်မျိုးဖြစ်နေသော်လည်း လူတစ်ဦးတည်းသာဖြစ်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်လေလံခေါ်ယူခြင်း
## (၁/၂၀၂၃-၂၀၂၄)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ် စီမံကိန်း၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ-တွဲဖက်)ရုံး၊ မုံရွာမြို့မှ မုံရွာမြို့တွင်ရှိသည့် ဘိလပ်မြေ (၂၀၀၀၀)အိတ် (၁၀၀၀ တန်)အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်လေလံတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | လေလံလျှောက်လွှာများစတင် ရောင်းချမည့် ရက်နှင့်အချိန် | - ၁၇-၁၀-၂၀၂၃ ရက် (နံနက် ၉:၀၀ နာရီ) |
| | လေလံလျှောက်လွှာများ နောက်ဆုံး ရောင်းချမည့် ရက်နှင့်အချိန် | - ၃၁-၁၀-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ) |
| | လေလံလျှောက်လွှာများနောက်ဆုံး လက်ခံမည့် ရက်နှင့်အချိန် | - ၁-၁၁-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ) |
| | လေလံဖွင့်လှစ်မည့်ရက်နှင့်အချိန် | - ၃-၁၁-၂၀၂၃ ရက် (နံနက် ၉:၃၀ နာရီ) |

၃။ လေလံလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-တွဲဖက်)ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၇၁-၂၀၂၃၂၂၉၊ ၀၉-၆၉၉၉၀၀၅၅၉

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၁၉-စီ)၊ ရွှေဂုံတိုင်နေ (ဘ) ဦးခင်စိုး၏သား ဦးတင်ဦးအား ကျွန်ုပ် ဦးလှထွန်း [၁၂/လမန(နိုင်)၁၁၂၈၀၀] မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၂-၁-၂၀၂၁)ရက်နေ့က စာချုပ်မှတ်ပုံတင်အမှတ် (၄၇၄)ဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ကြော်ငြာပါသည့်နေ့မှစ၍ ယင်းကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ**
**ဦးလှထွန်း**
**[၁၂/လမန(နိုင်)၁၁၂၈၀၀]**
**အမှတ်(၄၈၉/ခ)၊ မင်းရဲကျော်စွာ(၁)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၁ လမ်း၊ အမှတ်- ၁၁၅၅ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- မြို့သစ်(ခ)၊ အကျယ်အဝန်း အလျား (၃၂)ပေ x အနံ (၇၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသော ဦးတင်ဦး [၁၄/မမက(နိုင်)၀၁၂၄၅၀]နှင့် ဒေါ်သင်းသင်းအေး [၁၂/အစန(နိုင်)၀၁၁၀၅၈]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ညွှန့် [၁၀/ပမန(နိုင်)၁၇၅၃၄၂]သည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်စွာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၄၃)**
**တိုက်-၁၁၊ အခန်း-၁၁၊ ပျဉ်းမပင်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၂၀၀၂၄၃၃၊ ၀၉-၆၆၀၆၆၀၅၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ်(၁၆၉)၊မြေကွက်တည်နေရာအမှတ်(၁၆၉/၃၁)၊မြစ်ပယ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးတိုးကြည်(TPN-၀၀၂၁၆၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတိုးကြည်သည် (၂၅.၁.၁၉၉၉) ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်သိန်းနွဲ့သည် (၇.၉.၂၀၁၆)ရက်နေ့ တွင် အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဦးကျော်စွာ (၁၂/သဃက(နိုင်)၀၄၄၇၇၁)၊ ဦးဝဏ္ဏ (၁၂/သဃက (နိုင်)၀၄၄၄၇၈)၊ ဒေါ်မေနှင်း(၁၂/သဃက(နိုင်)၁၄၁၀၁၄) တို့မှ နှစ်(၆၀)ဂရန်မူရင်း၊ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမွေဆက်ခံ ပိုင်ဆိုင်ခွင့် ရှိကြောင်း နှင့် ၎င်းတို့မှလွဲ၍ အခြားအမွေစားအမွေခံသား/သမီး နှင့် မွေးစားကိတ္တိမသားသမီးများ မရှိကြောင်း၊ ကျမ်းကျိန်လွှာအမှတ် -၆၇၉/၂၀၂၃(၄.၈.၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေစာရင်းရှိ ဘဏ်နှင့်ဆောင်ရွက်ဆဲ မှတ်ချက်အားမြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) တွင်ငွေပေးသွင်းထားသောချလံမူရင်း တင်ပြလာပါသဖြင့် မြေပြင် ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၂)ထပ်RC အဆောက် အဦး(၁)လုံးရှိ၍ ကိုယ်တိုင်နေထိုင်ကြောင်းနှင့် ကွင်းဆင်းစစ်ဆေးသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးဝင်းကို [၁၂/လသယ(နိုင်)၀၄၆၅၉၆] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-420249803**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၂ ရပ်ကွက်၊ အကွက်အမှတ် န-၅၊ ဦးပိုင်အမှတ်(၄၈)/၆၄ လမ်း၊ ၄၁x၄၂ ကြားရှိ ဦးဘုန်းကျော်၊ ဒေါ်စန်းရီအမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်စန်းရီ ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ် (၁၄၄၆/၂၀၁၀)အရ ခင်ပွန်း ဦးဘုန်းကျော်က အမွေဆက်ခံခဲ့ပြီး ဖခင် ဦးဘုန်းကျော် ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်သော ဦးရဲမြင့် [၉/မရမ(နိုင်)၀၀၅၄၁၉]၊ ဒေါ်ကြည်ကြည်ဝင်း [၉/မရမ(နိုင်)၀၀၅၄၂၀]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် ဟ-၅၊ ဦးပိုင်အမှတ်(၁)/၇၀ လမ်းပေါ်၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ တပ်ကြပ်ကြီး ထွန်းလင်း (ISN-၄၄၆၇၇၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရန်ဆိုင်မေ့ [၁၃/ကခန(နိုင်)၀၂၈၁၀၈၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် လလ-၇၆၊ ဦးပိုင်အမှတ်(၇၉)/တပင်ရွှေထီးလမ်း၊ ၄၆x၄၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရာဇာသိန်း [၉/မနတ (နိုင်) ၀၆၅၇၂၅]၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၃၆၃၈/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သွင်သူသူသိန်း [၉/ရမသ(နိုင်)၀၈၆၁၁၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဘာသာပြန်ဝန်ထမ်းခေါ်ယူခြင်း

The Global New Light of Myanmar သတင်းစာတိုက် အယ်ဒီတာဌာနတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်နိုင်သည့် အွန်လိုင်းဘာသာပြန်(၁၀)ဦးခေါ်ယူမည်ဖြစ်ပါသည်။ (အလုပ်ချိန်အများစုကိုအွန်လိုင်းဖြင့်လုပ်ကိုင်ရမည်)
အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(၁) မြန်မာဘာသာနှင့်အင်္ဂလိပ်စာနှစ်ဘာသာကျွမ်းကျင်ရမည်။
(၂) အချိန်တိုအတွင်း မြန်မာမှအင်္ဂလိပ်သို့ ဘာသာပြန်ဆိုနိုင်ရမည်။
(၃) သတင်းလုပ်ငန်းဖြစ်သဖြင့် အချိန်မရွေး လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ရမည်။
(၄) ကွန်ပျူတာဖြင့် ဘာသာပြန်ဆိုရန်ဖြစ်သဖြင့် ကွန်ပျူတာကိုကောင်းစွာသုံးတတ်ရမည်။
(၅) သတင်းစာပညာအခြေခံနားလည်ရမည်။
(၆) ကျွမ်းကျင်မှုအပေါ် မူတည်၍လစာ ပေးမည်။

CV-form ကို Email - gm@gnlm.com.mm , Viber - 09-255597511 သို့ လျှောက်ထားနိုင်ပြီး 01-8604530 (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တရားမပုံစံအမှတ်-၉၃ ဘိလစ်မှတ်ပုံတင်စာရင်းစာအုပ်အမှတ်.....

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၂၂
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၂

ဒေါ်စန်းစန်းရီ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးသန်းဇော်) နှင့် ဦးအောင်ကျော်ဝင်း
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀) ရပ်ကွက်၊ မြေညီထပ်(ဘီ)၊ ရွှေသီရိ(၂)လမ်း၊ အမှတ်(၄၈)နေ တရားရှုံး ဦးအောင်ကျော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၂)လမ်း၊ မြေညီထပ်(B)၊ တိုက်အမှတ်(၄၈)ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဒေါ်စန်းစန်းရီ (၎င်း၏တရားရုံးကိုယ်စားလှယ်စာရရှိသူ ဦးသန်းဇော်)က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အမှတ်(၁၄)နယ်မြေ၊ အောင်မြန်မာလမ်း၊ အမှတ်(၁၁)နေ မိခင်ဖြစ်သူ ဒေါ်ခင်သန်း [၁၂/သလန(နိုင်)၀၅၆၉၈၄]မှ သားသမီးများဖြစ်သော ၁။ ဦးအောင်မြင့် [၁၂/ဗဟန (နိုင်)၁၀၅၀၇၈]၊ ၂။ဒေါ်ဆန်းဆန်းဆင့် [၁၂/သလန(နိုင်)၀၄၆၂၅၉]၊ ၃။ ဦးအောင်ဆန်းထူး[၁၂/သလန(နိုင်)၀၄၅၉၉၃]၊ ၄။ ဒေါ်သန်းသန်းထွေး(ခ) မငယ် [၁၂/သလန(နိုင်) ၀၀၉၈၉၄]၊ ၅။ဦးအောင်ဆန်းထွေး [၁၂/သလန(နိုင်) ၀၁၀၁၈၇] တို့အား ၁၉-၇-၂၀၂၀ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းမရှိသော စာချုပ်ဖြင့် အောက်ပါပစ္စည်းများအပေါ် မိသားစုသဘောတူအမွေပုံစီမံမှုကတိစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်-

မိသားစုသဘောတူ အမွေပုံစီမံမှုကတိစာချုပ်ပါ ပစ္စည်းများမှာ ၁။ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အမှတ်(၁၄)နယ်မြေ၊ အောင်မြန်မာလမ်း၊ အမှတ်(၁၄/၁၁) ဟုခေါ်တွင်သော အလျားxအနံ (၆၀x၁၇၀)ပေ အကျယ်ရှိ ခြံမြေနှင့် တစ်ထပ်တိုက်တစ်လုံး၊ လျှပ်စစ်မီတာ၊ ၂။ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အမှတ်(၁၄)နယ်မြေ၊ အောင်မြန်မာလမ်း၊ အမှတ်(၁၄/၆-၇-၈)ဟုခေါ်တွင်သော အလျားxအနံ (၆၀-၆၈x၁၅၀)ပေအကျယ်ရှိ မြေကွက်(၁)ကွက်၊ ၃။ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အမှတ်(၁၃) နယ်မြေ၊ အောင်မြန်မာလမ်း၊ အမှတ်(၁၃/၄၂)ဟုခေါ်တွင်သော အလျားxအနံ (၆၀x၁၅၀)ပေအကျယ်ရှိမြေကွက်နှင့် ၎င်းမြေကွက်၌ ဆောက်လုပ်ထားသော (၄)ခန်းတွဲအဆောက်အဦ အပါအဝင်ဖြစ်သည်။ အထက်စာချုပ်တွင် ဦးအောင်မြင့်ဦး[၁၂/ဗဟန(နိုင်)၁၀၅၀၇၈]မှာ သဘောတူလက်မှတ်ရေးထားခြင်းမရှိပါ။ အထက်ပါမိသားစုသဘောတူ အမွေပုံစီမံမှုကတိစာချုပ်တွင် မိသားစုစုံညီသဘောတူ လက်မှတ်ရေးထိုးထားခြင်းမရှိခြင်း၊ အထက်အပိုဒ်(၂) သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အမှတ်(၁၄)နယ်မြေ၊ အောင်မြန်မာလမ်း၊ အမှတ်(၁၄/၆-၇-၈)ဟုခေါ်တွင်သော အလျားxအနံ (၆၀-၆၈x၁၅၀)ပေမြေကွက်မှာ မိခင်ကြီးမပိုင်သောမြေဖြစ်ခြင်းကို ခွဲဝေပေးထားခြင်း၊ အမှတ်စဉ်(၃)မှာ မိခင်ကိုယ်တိုင် ရောင်းချပြီးဖြစ်သော်လည်း ခွဲဝေပေးထားခြင်းမရှိသေးခြင်းတို့ကို ထည့်သွင်းချုပ်ဆိုထားခြင်းတို့ကြောင့် ယင်းစာချုပ်မှာ စတင်ချုပ်ဆိုစဉ်ကပင် တရားမဝင်ပျက်ပြယ်နေသောစာချုပ်ဖြစ်ကြောင်း သက်ဆိုင်သူ သားသမီးများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ခင်သန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်တင် (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-429574202, 09-49574202**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၇

ဒေါ်လင်းသီတာအေး နှင့် ၁။ ဒေါ်ကျော့ရင်
၂။ ဒေါ်စုမွန်ချိန်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၉၂-ရပ်ကွက်၊ စစ်တောင်းအိမ်ရာ၊ မြတ်မင်္ဂလာလမ်း၊ အခန်း (၀၀၂)၊ အမှတ် (၂၈)နေ တရားပြိုင်များဖြစ်ကြသည့် ဒေါ်ကျော့ရင်နှင့် ဒေါ်စုမွန်ချိန် (ယခုလိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "(၁-၆-၂၀၂၃)ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃-ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့ (၁၃၈၅-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃-ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဦးစိုးမင်း(ခ)ဦးဇင်မင်းထွန်း[၁၂/သဃက(နိုင်)၀၄၉၄၄၇နှင့် ၎င်း၏ရှေ့နေ ဒေါ်အိမျိုးသွဲ့(တရားလွှတ်တော်ရှေ့နေ-၁၁၆၀၈)တို့၏ (၁၀-၁၀-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၆ ရှိ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်းနှင့် လုပ်သားလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅၊ မြေကွက်အမှတ် (၃၀)၊ မြေအမျိုးအစား (B) (ဘိုးဘ) ဧရိယာ (၀.၃၁၅)ဧကနှင့် မြေကွက်အမှတ် (၃၁)၊ မြေအမျိုးအစား (B) (ဘိုးဘ) ဧရိယာ (၀.၅၀၀)ဧကရှိ မြေကွက်များပေါ်တွင် နေထိုင်ကြသော ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် (၁) ဒေါ်လေးမေ [၁၂/သဃက(နိုင်)၁၂၄၀၀၂]၊ (၂) ဒေါ်သဇင်နီ [၁၂ /သဃက(နိုင်)၀၀၃၅၄၁]၊ (၃) Nayas Kumar (ခ) ဦးစန်းမြင့် [၁၂/သဃက(ပြု)၀၀၃၅၇၂]၊ (၄) ဒေါ်ချယ်ရီဝင်း [၁၂ /သဃက(နိုင်)၀၄၂၉၅၃]၊ (၅) ဒေါ်လီလီမာ [၁၂/သဃက(နိုင်)၁၄၃၄၉၇]၊ (၆) စုစီလာကုမာရီ [၁၂/ရကန (နိုင်)၀၅၉၂၉၂]၊ (၇) ဦးတင်ထွန်းအေး [၁၂/သဃက(နိုင်)၁၅၁၃၂၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သိစေအပ်ပါသည်-

အထက်ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ လူကြီးမင်းတို့၏ သတင်းစာကြော်ငြာတွင် " မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ဇိနက်အစ္စလာမ် ယောကျ်ားလေးများဂေဟာနှင့် ပညာသင်ကြားရေးအသင်းကိုယ်စား အသင်း၏ဥက္ကဋ္ဌဖြစ်သူ ဆရာကြီး မိုဟာမက် [၁၂/ဗဟန(ဧည့်)၀၀၀၀၁၆]ထံမှ ဦးစိုးမင်း(ခ)ဦးဇင်မင်းထွန်း [၁၂/ သဃက(နိုင်) ၀၄၉၄၄၇]မှ မြေနှင့် အရပ်ရပ်အကျိုးခံစားခွင့်နှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး၍"ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

အဆိုပါ မြေကွက်များသည် မြန်မာနိုင်ငံ၌ လွတ်လပ်ရေးမရမီ လွန်ခဲ့သော နှစ်ပေါင်း (၈၀)ကျော်ခန့်ကတည်းက လူနေရပ်ကွက်အဖြစ်တည်ရှိပြီး ကျွန်ုပ်၏ မိတ်ဆွေများသည် ထိုမြေတွင် ခွဲစိတ်ထားသည့် မြေကွက်များ၌ မိသားစု အဆက်ဆက် ဓားမဦးချအနေဖြင့်လည်းကောင်း၊ ထပ်ဆင့်လွှဲပြောင်း ဝယ်ယူခြင်းဖြင့်လည်းကောင်း နေထိုင်လာခဲ့ကြသည်မှာ ယနေ့အထိဖြစ်ပါသည်။ ထိုသို့ နေထိုင်ရာတွင်လည်း အိမ်အမှတ်၊ လမ်းအမည်၊ ရပ်ကွက် / မြို့နယ် အတိအကျဖြင့် အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများအပါအဝင် ရပ်ကွက်နေထိုင်သူများမှ အထက်ပါအတိုင်း နေထိုင်ခဲ့မှုအပေါ် ဇိနက်အစ္စလာမ် ယောကျ်ားလေးများဂေဟာနှင့် ပညာသင်ကြားရေးအသင်းသည် မြေကွက်များအား လက်ရောက်ရရှိအောင် မဆောင်ရွက်နိုင်သည့်အခါ (၂၃- ၅- ၁၉၉၄)ရက်စွဲပါ THE NEW LIGHT OF MYANMAR သတင်းစာမှ ကျွန်ုပ်မိတ်ဆွေများအပါအဝင် နေထိုင်ကြသူများကို "မြေပေါ်တွင် အိမ်ဆောက်နေထိုင်သူများမှာ ကျူးကျော်နေထိုင်သူများသာ ဖြစ်ကြောင်း" ၎င်းအသင်း၏ ရှေ့နေများမှတစ်ဆင့် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် အဆိုပါ ကျောင်းဂေါပကလူကြီးများနှင့် မြေပေါ်တွင် နေထိုင်သူများ တွေ့ဆုံဆွေးနွေးခဲ့သည့် (၃-၇-၁၉၉၄) ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရလည်း အဆိုပါမြေကွက်များသည် "ဇိနက်အစ္စလာမ်ယောကျ်ားလေးများဂေဟာနှင့် ပညာသင်ကြားရေးအသင်း"၏ လက်ဝယ်၌မရှိကြောင်း ဝန်ခံထားပါလျက် ယခုကဲ့သို့ သတင်းစာတွင် အဆိုပါ ကျောင်းမှ "လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ"ဟုလည်းကောင်း၊ ဦးစိုးမင်း(ခ)ဦးဇင်မင်းထွန်းမှ "တရားဝင်ဝယ်ယူ၍ လက်ရှိ ပိုင်ဆိုင်ထားပြီးဖြစ်၍" ဟုလည်းကောင်း ဖော်ပြခဲ့ခြင်းမှာ မြေပြင်အဖြစ်မှန်နှင့် ကွဲလွဲဆန့်ကျင်ပြီး မမှန်မကန် ဖော်ပြထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့မှ မြေကွက်များအား လက်ရောက်ရရှိပြီးဖြစ်သကဲ့သို့ သုံးနှုန်းထားသည့် "လက်ဝယ်၊ လက်ရှိ"စသည့် အသုံးအနှုန်းများအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အဆိုပါ မြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေများနှင့် မိသားစုများ၊ ရပ်ကွက်တွင် နေထိုင်သူများသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀) ကျော်ခန့်မှစ၍ ယနေ့အထိ ပိုင်ရှင်များအနေဖြင့် လက်ရှိထားကာ နေထိုင် ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသော မြေကွက်နှင့် နေအိမ်များဖြစ်ပါကြောင်း အထက်ပါ လူကြီးမင်းများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၇၄)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၂၅၄၁ ၃၄၆၅၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစု ပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပုံစံများသိရှိနားလည်အောင် သင်ကြားပေးကြရန်လို...**

❖ **ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်...**

❖ **ထို့ပြင် လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မကာအိုနှင့် မြန်မာ ယနေ့ ကစားမည်

**ရန်ကုန်  အောက်တိုဘာ ၁၆**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မကာအိုအသင်းနှင့် မြန်မာအသင်းသည် အောက်တိုဘာ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မကာအိုရှိ Olympic Sports Centre Stadium ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍**

## အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော်  အောက်တိုဘာ ၁၆**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**

## စပိန်အသင်းနှင့် စကော့တလန်အသင်းတို့ ယူရို ၂၀၂၄ ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ပြီ



ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်ရဲ့ အုပ်စုအဆင့် ပွဲစဉ်(၆)မှာ စပိန်အသင်းက နော်ဝေအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စု(A)မှ စပိန်အသင်းနဲ့ စကော့တလန်အသင်းတို့ဟာ ယူရို ၂၀၂၄ ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**အနိုင်ရရှိ**

စပိန်အသင်းဟာ အုပ်စုအဆင့် ပွဲစဉ်(၆) အဖြစ် အောက်တိုဘာ ၁၅ ရက် ညပိုင်းက နော်ဝေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ စပိန်အသင်းက ဘာစီလိုနာကွင်းလယ်ကစားသမား ဂါဗီရဲ့ ပွဲကစားချိန် ၄၉ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✪**

